# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၂၅ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၆၃)


## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ခရိုအေးရှားသမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၂၅**

၂၀၀၇ ခုနှစ် ဇွန် ၂၅ ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ခရိုအေးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာစတက်ချ်ပမ်၊ မက်စစ်(ချ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)






# တရားဥပဒေစိုးမိုးရေး ဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ ကိုယ်တိုင်သိရှိနားလည်ထား အဂတိတရားလေးပါးကြောင့် တရားခံများကို အကွက်ဆင်ပြီးဖမ်းတာမျိုးမလုပ်မိရန် ရှောင်ကြဉ်

## အရည်အချင်းပြည့်ဝပြီး စွမ်းရည်ထက်မြက်ရေးနှင့် လုပ်ငန်းကျွမ်းကျင်မှုရှိရေး အမြဲလေ့ကျင့် ပြည်သူယုံကြည်အားထားသည့် အုပ်ချုပ်ရေးမှူးကောင်း၊ ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်အောင် ကြိုးပမ်း

**နေပြည်တော် ဇွန် ၂၄**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရဲအရာရှိကြီးများနှင့် ပြည်နယ်နှင့်တိုင်း ရဲတပ်ဖွဲ့မှူးများ၊ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဇူလိုင်လအတွင်း နောက်ဆုံးအကြိမ်အဖြစ် အမျိုးသားညီလာခံကို ကျင်းပတော့မည်ဖြစ်၊ အမျိုးသားညီလာခံလုပ်ငန်းများ ပြီးစီးသွားပါက ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ကျန်ရှိသည့် လုပ်ငန်းများကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်။**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

25-6 (01) 1 6/24/07, 2:04 PM

မြန်မာ့အလင်း
၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

## အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇွန် ၂၅ ရက်)

# ဈေးကွက်ဝင် ငရုတ်ကောင်း စီးပွားဖြစ် တိုးချဲ့စိုက်ပျိုး

မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးအပေါ်၌ အခြေခံသည်။ စိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်က ပံ့ပိုးကူညီဖြည့်ဆည်းပေးနေပြီး ဆန်စပါး ပိုမိုထွက်ရှိရေး၊ စားသုံးဆီဖူလုံရေး၊ ပြည်ပပို့ကုန် ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တောင်သူလယ်သမားများ ဝင်ငွေတိုးစေနိုင်မည့် သီးနှံအမယ်သစ်များနှင့် ဈေးကွက်ဝင် သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံများ စိုက်ပျိုးနိုင်ရေးအတွက်လည်း အားပေးကူညီလျက်ရှိသည်။

စိုက်ပျိုးထုတ်လုပ်သူများ ဝင်ငွေတိုးစေရေးအတွက် စိုက်ပျိုးသင့်သော သီးနှံတစ်မျိုးမှာ ငရုတ်ကောင်းဖြစ်သည်။ ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးဖြစ်သည့် ငရုတ်ကောင်းသည် ပူအိုက်စွတ်စိုသော ရာသီဥတုကို ကြိုက်နှစ်သက်သည်။ တစ်နှစ်ပတ်လုံး မိုးကောင်းမွန်စွာ ရွာသွန်းသော ဒေသများတွင် ဖြစ်ထွန်းသည်။ ပူပြင်းခြောက်သွေ့သော ဒေသဖြစ်ပါက ရေသွင်း၍ စိုက်ပျိုးနိုင်သည်။

မြန်မာနိုင်ငံ၌ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့သည် ငရုတ်ကောင်းသီးနှံ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့်ဒေသများဖြစ်ကြသည်။ တစ်ဧကလျှင် တစ်နှစ် ပျမ်းမျှငရုတ်ကောင်း အစေ့ခြောက် ပိဿာချိန် ၆၀၀ခန့် ထွက်ရှိကြောင်း သိရသည်။

သို့ဖြစ်ရာ စိုက်ပျိုးရာတွင် လွယ်ကူပြီး စိုက်ပျိုးသူ တောင်သူလယ်သမားများအတွက် တွက်ခြေကိုက် ဝင်ငွေတိုးစေမည့် ငရုတ်ကောင်းသီးနှံကို စီးပွားဖြစ် တိုးချဲ့စိုက်ပျိုး ထုတ်လုပ်သွားကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



နှစ်ဖက်သော မိဘများအားအမှူးထား၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မအူပင်လမ်း အမှတ် ၂၀/၃-ခ နေ ဦးစံတင် (ပြည်တွင်းရေကြောင်း မြို့နယ်မန်နေဂျာ၊ ငြိမ်း)-ဒေါ်အေးသန့်၊ သမီး မတင်မိုးလှိုင်၊ သား မောင်အောင်ကျော်ဦး မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(စီမံ) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုအား ကိုရီးယားသမ္မတနိုင်ငံမှ ဘုန်းတော်ကြီးလာရောက်တွေ့ဆုံ

ရန်ကုန် ဇွန် ၂၄

**သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့မှ ဘုန်းတော်ကြီး VEN: MOK TAK နှင့် အဖွဲ့ဝင်များက ယမန်နေ့ မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာနဝန်ကြီးရုံး(ရုံးခွဲ) အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။**




**တက်ရောက်**

ထိုသို့ တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုနှင့်အတူ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်စကား**

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဘုန်းတော်ကြီး VEN: MOK TAK က အမှာစကားပြန်လည်ပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ဘုန်းတော်ကြီး VEN: MOK TAK နှင့် အဖွဲ့ဝင်များက မြန်မာ-ကိုရီးယားသမ္မတနိုင်ငံဘုန်းတော်ကြီးသင် ပညာရေးကျောင်း ဖြစ်မြောက်ရေးအတွက် အလှူငွေ အမေရိကန်ဒေါ်လာ၁၅၀၀၀ကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုက လက်ခံယူပြီး(ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

၂၅-၆-၂၀၀၇ (တနင်္လာနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | အမျိုးသားရေးတေးကဗျာ |
| ၄း၂၅ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅း၁၀ | ၆။ | ကြည်နူးရွှင်ပျော်တေးသရုပ်ဖော် |
| ၅း၃၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၆း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၉။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၅ | ၁၁။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၂။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၅) |
| ၈း၀၀ | ၁၃။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၄။ | မိုးလေဝသသတင်း |
| | ၁၅။ | အမျိုးသားရေးတေးကဗျာ |
| | ၁၆။ | မေးမြန်းစူးစမ်း |
| | ၁၇။ | ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင် |
| | ၁၈။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၈) |

**ဗိုလ်မှူးကြီးဘိုနီအား ရည်စူး၍ အမှတ်၁၂ ဇေယျာသုခလမ်း သုဝဏ္ဏနေ ဇနီး ဒေါ်ယုယုအောင်နှင့် သားသမီး၊ မြေးတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ် ၁၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်လက်ခံယူစဉ်။** (က-ပ)




## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၅-၆-၂၀၀၇ (တနင်္လာနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo ယနေ့အစီအစဉ် |
| ၇း၀၅ | အစွမ်းထက်မြက်သော ဂါထာတော်များတရားတော် အရှင်ကဥ္စနောဘာသ (မုဋ္ဌော-ကလေးဝ) |
| ၈း၀၅ | ကုသိုလ်ရှင်တွေနှင့်အတူ သာဓုခေါ်နိုင်ဖို့ မဟာတေဇမုနိစေတီတော်ကို ဖူးကြစို့ |
| ၈း၂၀ | တေးဂီတအစီအစဉ် |
| ၈း၂၅ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၈း၃၅ | တေးဂီတအစီအစဉ် |
| ၈း၄၀ | အရိုးတွေဘာကြောင့်ပွလာတာလဲ အပိုင်း(၃) (ပါမောက္ခဒေါက်တာချစ်စိုး) |
| ၉း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၀ | Music Talk (တေးသံရှင်မောင်မောင်ထိပ်နှင့်တွေ့ဆုံခြင်း) |
| ၉း၄၀ | မြန်မာ့အကအခြေခံ ကဗျာလွတ်ကဟန်(အမျိုးသား) |
| ၉း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၀၀ | ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ်ပိုစတာပြိုင်ပွဲ |
| ၁၀း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ | သိမ်းဆည်းထာဝစဉ်မညှိုးပန်းအသွင် |
| ၁၀း၄၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၅၅ | YANGON PANORAMA (ရွှေအမြုတေ စာပေဆုပေးပွဲ အခမ်းအနား) |
| ၁၁း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅ | စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (သင်္ဘောအကြွပ်ယိုမုန့်လုပ်နည်း) |
| ၁၁း၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၅၀ | ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (စအိုနာ၊ ဂရင်ဂျီနာ၊ အူကျခြင်း တို့နှင့် ပတ်သက်သော ကျန်းမာရေးပြဿနာများ) (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) |
| ၁၂း၀၅ | တေးဂီတအစီအစဉ် |
| ၁၂း၁၀ | ခေတ်မီစတိုင်ကျ ရယ်ဒီမိတ်အထည်လှလှ |
| ၁၂း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၃၀ | သိစေချင်သည် ICT(Auto CAD အကြောင်း သိကောင်းစရာ) |
| ၁၂း၅၀ | တေးဂီတအစီအစဉ် |
| ၁၂း၅၅ | မံဆောင်းတံတား (ချင်းပြည်နယ်) |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# လျှာထားချက်ပြည့်မီရေး ထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဝင်ငွေတိုးတက်ရေး ထုတ်ကုန်ပစ္စည်းများ အရောင်းသွက်ရန်ဆောင်ရွက်

## အလေအလွင့် နည်းပါးပြီး ခြိုးခြံချွေတာ

နေပြည်တော် ဇွန် ၂၄

**အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၂ရက် နံနက် ၉နာရီက နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမဦးကျင်းပရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ စက်ရုံ အထွေထွေမန်နေဂျာများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်စောလွင်က အဖွင့်အမှာစကား ပြောကြားရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနသည် ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်တွင် ထုတ်လုပ်မှုလုပ်ငန်းများကို လျာထားချက်ပြည့်မီစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုနည်းတူစွာ ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ်တွင်လည်း လျာထားချက်များ ပြည့်မီရေးအတွက် ထုတ်လုပ်မှု လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်နှင့် ဆောင်ရွက်လျက်ရှိသော စီမံကိန်းအသစ်များကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင်တည်ဆောက်ပြီး ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝင်ငွေတိုးတက်ရရှိရေးအတွက် ထုတ်ကုန်ပစ္စည်းများအား အရောင်းသွက်အောင် ဆောင်ရွက်ပြီး ဝင်ငွေတိုးတက် ရရှိလာအောင် ဆောင်ရွက်ရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အလေအလွင့် နည်းပါးပြီး ခြိုးခြံချွေတာကြရန် အထူးမှာကြားလိုကြောင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်များ လျှော့နည်းမှသာ ဝင်ငွေတိုးတက်လာမည် ဖြစ်ကြောင်း၊ လုပ်ငန်း၊ စက်ရုံအလိုက် တာဝန်ရှိသူများအနေဖြင့် တွေးခေါ်ကြံဆပြီး လုပ်ရည်ကိုင်ရည်ရှိရှိ ဆောင်ရွက်မှသာ တိုးတက်လာမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအားလုံးက စိတ်ကောင်း စေတနာကောင်းဖြင့် ကြိုးစားဆောင်ရွက်နိုင်မှသာ အောင်မြင်မည် ဖြစ်ကြောင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က ၂၀၀၇ ခုနှစ် ပထမလေးလပတ် ကာလအတွင်း လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ရောင်းချမှု၊ ၂၀၀၇ခုနှစ် ဒုတိယ လေးလပတ်တွင် ရောင်းချမှု လျာထားချက် ပြည့်မီရေးနှင့်ပတ်သက်၍ ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**အစီအမံ**

ဆက်လက်၍ မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်က ၂၀၀၇ ခုနှစ် ပထမ လေးလပတ်အတွင်း ဦးစီးဌာန၊ လုပ်ငန်းများ၏ ဘဏ္ဍာရေး အခြေအနေအပေါ် လိုအပ်ချက်များကို သုံးသပ်တင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူးများက ကုန်ထုတ်လုပ်မှုနှင့် ရောင်းချမှုလျာထားချက် ပြည့်မီရေး၊ ပစ္စည်းဝယ်ယူရေးနှင့် ဘဏ္ဍာရေးဆိုင်ရာအစီအမံများအတွက် ဆောင်ရွက်ထားရှိမှုများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

**ထောက်ပံ့ကြေးပေးအပ်**

ယင်းနောက် အမှတ်(၂) စက်မှုဝန်ကြီးဌာနရှိ ဌာန၊ လုပ်ငန်း၊ စက်ရုံများမှ ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးငွေများကို ဝန်ကြီးဗိုလ်ချုပ်စောလွင်နှင့် ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်တို့က ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**အမှာစကား**

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စောလွင်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပဲခူးတိုင်း (အနောက်ပိုင်း) ရွှေတောင်မြို့ **ဆီမီးထူးကျောင်း**တိုက် အတွင်းရှိ ဆုတောင်းပြည့် ရေးယောင်းရုပ်ပွားတော် မြတ်ကြီး **သုံးဆူ၏ ဂန္ဓကုဋိ**တိုက် ဆောက်လုပ်ရန် အတွက် ရန်ကုန် တိုင်း ဗိုလ်တထောင် မြို့နယ် ၄၅လမ်း **အမှတ် ၁၅၉နေ ဦးဆွန်ရွှေ-ဒေါ်မြင့်မြင့်ကြည်(ဝိသာခါ)နှင့် သားသမီး၊ မြေးတစ်စုက အလှူငွေကျပ် သုံးသိန်းနှင့် ဦးဉာဏ်ဝင်းအား ရည်စူး၍ ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီမြို့ ဆရာစံကွက်သစ်နေ ဒေါ်သန်းသန်းဆွေနှင့် သမီးများ မိသားစုတို့က အလှူငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ်လေးသိန်းကို တည်ဆောက်ရေး နာယကဆရာတော်များ ဖြစ်ကြသော ရွှေတောင်တိလောကာရုံ ဆရာတော် ဘဒ္ဒန္တနန္ဒိယနှင့် ဆီမီးထူးဆရာတော် ဦးဝိနယ (ဝံသမေဒနီ) ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

# ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းအတွက် ငွေလှူဒါန်း

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန် အတွက် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်း အိမ်အမှတ် ၁၅၉ နေ ဦးမောင်လှိုင်၊ ဒေါ်စောလှမိသားစုက ငွေကျပ် နှစ်သိန်းကို လာရောက်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးအေးကို၊ ဦးဟံညွှန့်နှင့် ဦးသိန်းစိုးတို့က လက်ခံယူကြသည်။ **(အောက်ဝဲပုံ)**

**လှူဒါန်းနိုင်**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော် ဂေါပကအဖွဲ့ရုံး ဖုန်း-၆၆၀၀၀၆ နှင့် ၇၁၀၇၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



# မန္တလေးဘုံကျော် ဗုဒ္ဓဓမ္မသင်တန်း ဖွင့်မည်

ရန်ကုန် ဇွန် ၂၄

**ပထမကြီးတန်းအောင် စာသင်သား သံဃာတော်များနှင့် အစိုးရဓမ္မာစရိယအောင်ပြီး စာသင်သား သံဃာတော်များအတွက် ဗုဒ္ဓဓမ္မဒေသနာတော်များကို ပါဠိ၊ အင်္ဂလိပ် နှစ်ဘာသာတို့ဖြင့် ပို့ချမည်ဖြစ်ရာ အထက်ပါ သံဃာတော်များသည် ဦးဇာသာရ (ပဏ္ဍိတာရုံ)ဖုန်း-၀၂-၆၃၁၂၈သို့ အမြန်ဆုံး စာရင်းပေးသွင်းကြပါရန်နှင့် ၁၃၆၉ခု ပထမဝါဆိုလပြည့်နေ့ ညနေ ၃ နာရီတွင် မန္တလေးမြို့ ဘုံကျော်တိုက် ဝါဆိုကျောင်း (ဗုဒ္ဓဓမ္မကောလိပ်) က ဓမ္မဒါနအဖြစ် သင်တန်းဖွင့်လှစ် ပို့ချမည် ဖြစ်ကြောင်း သိရသည်။**
(က-ပ)


၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် တနင်္ဂနွေနေ့

**ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့**

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

**ပညာရေးဝန်ကြီးဌာန**


# မင်္ဂလာဗျူဟာအသင်း ပရဟိတအဖွဲ့ သက်ကြီးဘိုးဘွားများပူဇော်

**ရန်ကုန် ဇွန် ၂၄**

မင်္ဂလာဗျူဟာအသင်းချုပ်၏ အဖွဲ့ငယ်ဖြစ်သော မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ တည်ထောင်ခြင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံတော် တစ်ဝန်းရှိ အသက် ၁၀၀ နှင့်အထက် အဘိုး၊အဘွား ၇၂ဦးတို့အား ပူဇော်ပွဲကို ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိမင်္ဂလာဗျူဟာအသင်းချုပ်ခန်းမတွင် ယမန်နေ့မွန်းလွဲ၂နာရီက ကျင်းပရာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မင်္ဂလာဗျူဟာ အသင်းချုပ်၏ ဥက္ကဋ္ဌ ဦးကြည်တွဲက အဖွင့်အမှာစကား ပြောကြားသည်။



ဆက်လက်၍ မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမောင် (မင်းယုဝေ)က အခမ်းအနား ကျင်းပရခြင်းအကြောင်း ရှင်းပြပြီး တက်ရောက်လာသော အဘိုး၊ အဘွားများနှင့် အဖွဲ့အမှုဆောင်များအား မိတ်ဆက်စကား ပြောကြားသည်။ ယင်းနောက် အဘိုး၊ အဘွားများအား လက်အုပ်ချီမိုးကန်တော့ကြပြီး ပူဇော်ငွေနှင့် လှူဖွယ် ပစ္စည်းများ ပေးအပ် လှူဒါန်းကြသည်။ **(ဝဲပုံ)**

**မှတ်တမ်းလွှာ**

ထို့နောက် ဘိုးဘွား တစ်ဦးချင်းစီက ဆုတောင်းစကား ပြောကြားပြီး ပူဇော်ပွဲအတွက် ငွေကျပ် ၁၀၀၀၀ အထက် အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်၍ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု ဂါထာတော်ဖြင့် သုံးကြိမ်ရွတ်ဆိုခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်

**ရန်ကုန် ဇွန် ၂၄**

တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို)တို့၏ ကြီးကြပ်မှုဖြင့် တာမွေမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနှင့် တာမွေမြို့နယ် ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲကို အလက(၃) တာမွေတွင် ဇွန် ၂၃ရက်က ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း ခြောက်ကျောင်း၊ အလယ်တန်းကျောင်းလေးကျောင်းတို့မှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ **(အောက်ပုံ)**

**ဆုချီးမြှင့်မည်**

အဆိုပါ ပြိုင်ပွဲကို တာမွေမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးလှဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်တင်နှင့် သက်ဆိုင်ရာကျောင်း အသီးသီးမှ ဆရာဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးကြပြီး ပြိုင်ပွဲတွင် ဆုရရှိမည့်သူများအား ဇွန် ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



25-6 (03) 1 6/24/07, 2:05 PM

# မြန်မာ့ လက်ဝှေ့ကျော်များ

အပျော်တမ်း လက်ဝှေ့ဗိုလ်လုပွဲတွင် ကမ္ဘာ့အိုလံပစ် လက်ဝှေ့ဗိုလ်လုပွဲသည် အမြင့်ထည်ဆုံးဖြစ်သည်။ ထိုထိုသော ကမ္ဘာ့အိုလံပစ် လက်ဝှေ့ဗိုလ်လုပွဲသို့ ကျွန်တော်တို့ မြန်မာနိုင်ငံမှ တိုင်းရင်းသား လက်ဝှေ့သူရဲကောင်း ၁၈ဦး တက်ရောက်ကာ ယှဉ်ပြိုင်အနိုင်လုခဲ့ကြသည်။ ၁၈ဦးတွင် ခြောက်ပွဲ အနိုင်ရကာ မြန်မာ့သတ္တိ စွမ်းရည်ကို ကမ္ဘာ့ပရိသတ်အများအား ရဲရဲတောက် ပြနိုင်ခဲ့ကြသည်။

ကမ္ဘာ့လက်ဝှေ့ဗိုလ်လုပွဲ၊ သို့မဟုတ် ကမ္ဘာ့အိုလံပစ် လက်ဝှေ့ဗိုလ်လုပွဲကြီးသို့ ကျွန်တော်တို့ မြန်မာလက်ဝှေ့ကျော်များသည် ၁၉၄၈ခုနှစ်က အစပြုလျက် တက်ရောက်ထိုးသတ်ခဲ့၏။ ၁၉၄၈ခုနှစ် ဇူလိုင်လတွင် ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ (၁၄)ကြိမ်မြောက် ကမ္ဘာ့လက်ဝှေ့ဗိုလ်လုပွဲကြီး ကျင်းပရာ မြန်မာ့လက်ဝှေ့ကျော်နှစ်ဦး နိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင် ထိုးသတ်ခွင့်ရခဲ့ကြသည်။

မန္တလေးမြို့ အမျိုးသား အထက်တန်းကျောင်းသားဟောင်း မျိုးသန့် (ဖလိုင်းဝိတ်တန်း)သည် ပထမညတွင် နာမည်ကျော် ဝါရင့်လက်ဝှေ့ချန်ပီယံ ကနေဒါနိုင်ငံမှ ဂျိုအူလက်ဆန်ဒိုလူအား အမှတ်ဖြင့် အပြတ်အသတ် အနိုင်ထိုးလိုက်နိုင်သည်။ ကမ္ဘာ့လက်ဝှေ့ပွဲပေါင်း ၃၀၀ ကျော်ကျော် ထိုးခဲ့ဖူးသူ ကနေဒါနိုင်ငံ ချန်ပီယံအား ပြည်ပလက်ဝှေ့ပွဲ တစ်ခါမှမထိုးဖူးသူ မျိုးသန့်က အပြတ်အနိုင်ရလိုက်သဖြင့် မြန်မာ့သတ္တိ၊ မြန်မာ့ဇာတိမာန်ကို ကမ္ဘာက သိသွားလေတော့သည်။

ကရင်ပြည်နယ်မှ ဘားအံသားကြီး စောဟာဒီ(ဘင်တန်ဝိတ်တန်း)သည် သီဟိုဠ်နိုင်ငံချန်ပီယံ ပီပရဲယားအား ၃-၂ နှင့် ရှုံးခဲ့ရသည်။

၁၉၅၂ခုနှစ်က (၁၅)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ် လက်ဝှေ့ဗိုလ်လုပွဲကို ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့၌ ကျင်းပခဲ့ရာ စံလှ(ဘင်ဝိတ်တန်း)၊ ကျားဘညိမ်း(ဖယ်သာဝိတ်တန်း)၊ ဘယ်ဆယ်သော်မဆင် (ဖလိုင်းဝိတ်တန်း)၊ သကြားမဂျစ်(လိုက်ဝဲလ်တာဝိတ်တန်း)တို့သွားရောက်ယှဉ်ပြိုင်ခဲ့၏။

ကျားဘညိမ်းနှင့် သကြားမဂျစ် အညစ်ခံရသဖြင့် ၃-၂နှင့် ကပ်၍ ရှုံးခဲ့ရ၏။ ကျားဘညိမ်းနှင့် ယှဉ်ပြိုင်ရသူမှာ ပိုလန်နိုင်ငံမှ နာမည်ကြီး လက်သီးကျော် လီဇက်-ဒရိုဂို(စ) ဖြစ်၏။ မဂျစ်၏ ယှဉ်ပြိုင်ဘက်မှာ အိမ်ရှင် ဖင်လန်နိုင်ငံသား အီး-မက်လင်းနစ် ဖြစ်သည်။ ဘယ်ဆယ်သော်မဆင်က ဖိလစ်ပိုင်နိုင်ငံမှ အေ-အဆွန်ကွန် အား ရှုံး၏။ မန္တလေးမှ ဗဟိုအမျိုးသားအထက်တန်းကျောင်းသား စံလှ ဝိတ်တန်းတက်သွား၍ တစ်ပွဲမှ မထိုးခဲ့ရပါ။ အညစ်ခံလိုက်ရသူ နာမည်ကျော် ကျားဘညိမ်းသည်လည်း မန္တလေး ဗဟိုအမျိုးသား အထက်တန်းကျောင်းသားဟောင်းဖြစ်သည်။

၁၉၅၆ ခုနှစ်က (၁၆)ကြိမ်မြောက် ကမ္ဘာ့လက်ဝှေ့ဗိုလ်လုပွဲကို ဩစတြေးလျနိုင်ငံ မယ်လ်ဘုန်းမြို့၌ ကျင်းပခဲ့၏။ ရဲဆွေ (ဖလိုင်းဝိတ်တန်း)၊ ရဲချစ်(ဖယ်သာဝိတ်တန်း)၊ သိန်းမြင့်(ဘင်တန်ဝိတ်တန်း)၊ ထီအောင် (လိုက်ဝဲလ်တာဝိတ်တန်း)တို့ လေးဦး သွားရောက်ယှဉ်ပြိုင်ကြရာဝယ် အားလုံးရှုံးခဲ့ကြပါသည်။ မန္တလေးသား ရဲဆွေ၏ ထိုးဘက်က ဗြိတိန်နိုင်ငံချန်ပီယံ(ဂျော်နီကဒ်ဝဲလ်)ပါ၊ ၎င်းသည် ၁၉၅၈ခုနှစ်က ကမ္ဘာ့ကြေးစား ဘင်တန်ဝိတ်တန်း ချန်ပီယံ ဖြစ်သွား၏။ လွန်စွာအဆင့်ရှိသူဖြစ်ပေသည်။

မန္တလေးသား ရဲချစ်က ဂျပန်နိုင်ငံသား ကာတမိုတိုအား ရှုံး၏။ ဟိန်းမြင့်အား အနိုင်ထိုးသွားခဲ့သူ ဘရာဇီးနိုင်ငံသား ဂျော်ဖရီသည် ကမ္ဘာ့ဖယ်သာဝိတ်တန်း ကြေးစားလက်ဝှေ့သရဖူ ဆွတ်ခူးသွားနိုင်ခဲ့၏။ ကဒ်ဝဲလ်နှင့် ဂျော်ဖရီသည် ကမ္ဘာ့အိုလံပစ် ချန်ပီယံဘွဲ့ ရယူပြီးမှ ကမ္ဘာ့ကြေးစားလက်ဝှေ့သို့ ကူးပြောင်းကာ ချန်ပီယံဖြစ်ခြင်း ဖြစ်သည်။

ဝဲလ်တာဝိတ်တန်းက ထီအောင်သည် ပိုလန်ချန်ပီယံ ဇင့်ကို ရှုံးခဲ့သည်။ ဇင့်သည် ကမ္ဘာ့ရွှေတံဆိပ်ရ ချန်ပီယံဖြစ်သွားသည်။ တကယ်တော့ ရဲဆွေ၊ သိန်းမြင့်၊ ထီအောင်တို့သည် ကမ္ဘာ့အဆင့်ကို မီကြကြောင်းကို သူတို့၏ ထိုးသတ်ဘက်တွေက သက်သေပြသည်။

၁၉၆၀ပြည့်တွင် (၁၇)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ် လက်ဝှေ့ဗိုလ်လုပွဲကို အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပခဲ့၏။ မြန်မာ့လက်ရွေးစင် လှညွှန့် (ဖလိုင်းဝိတ်တန်း)၊ သိန်းမြင့်(ဘင်တန်ဝိတ်တန်း)နှင့် မန္တလေး ဗဟိုအမျိုးသား အထက်တန်းကျောင်းသားလေး သန်းထွန်း (ဖယ်သာဝိတ်တန်း)တို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

လှညွှန့်သည် ပထမညတွင် နာမည်ကျော် ဝါရင့်လက်ဝှေ့ကျော် ဗီကေရာပွန် (ပိုလန်နိုင်ငံ)အား အမှတ်ပြတ် အနိုင်ရသည်။ အလွန်ပင် ပညာသားပါပါနှင့် ထိုးသတ်သွား၍ ကမ္ဘာ့လက်ဝှေ့ကြည့် ပရိသတ်များက လှညွှန့်အား တစ်ခဲနက် တစ်ပြိုင်တည်း အားပေးခဲ့ကြသည်။ လှညွှန့်သည် ဒုတိယညဝယ် အမေရိကန်ပြည်ထောင်စုမှ ဘာဘဲယားအား ၃-၂နှင့် ရှုံးခဲ့ရ၏။

**ဘာမထိခင်အောင်**

သိန်းမြင့်သည်လည်း လှညွှန့်အလားတူ ပညာသားပါပါနှင့် ထိုးသတ်ကာ လူဇင်ဘတ်နိုင်ငံက စီးရစ်(ဖ)အား အနိုင်သတ်၏။ တစ်ရုံလုံး ဟိန်းဟည်းစွာ သိန်းမြင့်အား အားပေးခဲ့ကြသည်။ ဒုတိယညမှာ သိန်းမြင့်သည် ပါကစ္စတန်နိုင်ငံသား (မိုဟာမက်နာဇီး)ကို အမှတ်ဖြင့် အပြတ်အနိုင်ယူလိုက်ပြန်သည်။ ရောမ ညနေခင်းသတင်းစာက မြန်မာလှညွှန့်နှင့် သိန်းမြင့် ကမ္ဘာ့အဆင့်မီခြင်း ခေါင်းစီးဖြင့် သတင်းပါလာသည်။ သိန်းမြင့်သည် တတိယညပွဲစဉ်၌ ဆိုဗီယက် ရုရှားနိုင်ငံသား ဥရောပတိုက် ချန်ပီယံ နီကိုလေနှင့် ထိုးရမည်ဖြစ်သော်လည်း ဒူးကဒဏ်ရာဟောင်း ပြန်ပေါ်လာသဖြင့် ဆရာဝန်က ထိုးခွင့်မပြုတော့ချေ။ ဆေးကျဖြင့် ရှုံးနိမ့်ရချေတော့သည်။

ရွှေမန်းသား သန်းထွန်း ၁၇နှစ်သည် သူ့သတ်ဘက် နီဂရိုး ကပ္ပလီ ဒဗလျူမေရာ တောင်အာဖရိကတိုက်အား နဖူးတွေ့ဒူးတွေ့ ရဲရဲဝံ့ဝံ့ရင်ဆိုင် ယှဉ်ပြိုင်၍ သုံးချီစလုံး နောက်တစ်လက်မ မဆုတ်တမ်း ယှဉ်သတ်ရာ ပရိသတ်များက ထိုင်ကြည့်၍အားမရသဖြင့် မတ်တပ်ရပ်၍ လှိုက်လှိုက်လှဲလှဲ တစ်ခဲနက် အားပေးခဲ့သည်။ သန်းထွန်း၏သတ္တိနှင့်ခံနိုင်ရည်ရှိမှုကို ကမ္ဘာ့ပရိသတ်က အသိအမှတ်ပြုခဲ့ကြသည်။ သို့ရာတွင် သန်းထွန်း (မြန်မာ) ၃-၂မှတ်ဖြင့် ကပ်၍ရှုံးခဲ့ရသည်။ (မင်းထိုးတာ ကြေးစားဆန်တယ် ကမ္ဘာ့ကြေးစားလက်ဝှေ့ထိုးရင် မင်းကမ္ဘာ့ချန်ပီယံ ဖြစ်လာနိုင်တယ်။ ငါ့နိုင်ငံကိုလိုက်ခဲ့မလား... ငါကမ္ဘာ့ကြေးစားလက်ဝှေ့ချန်ပီယံ ဟိုဂင်းကစ်ဘာဆေး ပဲ...)ဟု သန်းထွန်းလေးအား ကမ္ဘာ့ကြေးစား ချန်ပီယံ ကပင် လာရောက်ကမ်းလှမ်းခဲ့သည်။

၁၉၆၄ခုနှစ်က (၁၈)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ် လက်ဝှေ့ဗိုလ်လုပွဲကို ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပရာ မြန်မာ့လက်ရွေးစင် သုံးဦးဖြစ်သော ဂျိတ်ဘာဝါး (ဖလိုင်းဝိတ်တန်း)၊ သိန်းမြင့် (ဘင်တန်ဝိတ်တန်း)၊ တင်ထွန်း (ဖယ်သာဝိတ်တန်း)တို့အား စေလွှတ်ခဲ့၏။ ဂျိတ်ဘာဝါးသည် ဆိုဗီယက် ရုရှားနိုင်ငံက ဥရောပချန်ပီယံ (ဆာယိုကင်)နှင့် ထိုးသတ်ရာ ဖက်သည်ဟု မတရားအကြောင်းပြ၍ ဂျိတ်ဘာဝါးအား ထုတ်ပယ်ခဲ့သည်။ ပြဿနာတက်၍ ကြိုးဝိုင်းဒိုင်သည် ပြိုင်ပွဲတစ်လျှောက်လုံး ဒိုင်လုပ်ခွင့်မရတော့ချေ။

သိန်းမြင့်သည် ဂါနာနိုင်ငံက နီဂရိုး ကပ္ပလီ စီအာရ်မေကေအား နောက်ကောက်ဖြင့် ရှုံးခဲ့၏။

တင်ထွန်း၏စွမ်းဆောင်ချက်ကြောင့် မြန်မာ့လက်စွမ်းကို လက်ဖျားခါယူရတော့သည်။ တင်ထွန်း (မြန်မာ)၏ လက်ရည်သည် ကမ္ဘာ့ချန်ပီယံ ဖြစ်နိုင်သည်ဟု ဂျပန်သတင်းစာက ရေးခဲ့၏။ တင်ထွန်းက ဥရောပ ဖယ်သာဝိတ်တန်း ချန်ပီယံနာမည်ကျော် ရော်(န)စမစ် (ဗြိတိန်နိုင်ငံ)အား ပထမအချီ ၁း၀၄စက္ကန့် အတွင်း နောက်ကောက်ဖြင့် အနိုင်ယူလိုက်သည်။ ကမ္ဘာ့လက်ဝှေ့ကြည့် ပရိသတ်အားလုံး အံ့သြကုန်နိုင်ဖွယ် ကဲ...မယုံချင်နေ ဖြစ်ကုန်တော့သည်။ နောက်ရက် ဂျပန်သတင်းစာကျောဖုံးတွင် "ဗြိတိန်ယူနီယံ ဂျက်အလံကို မြန်မာတင်ထွန်းက ဆွဲချလိုက်ပြီ..." ခေါင်းစီး '၆' လိုင်းစာလုံးမည်းကြီးနှင့် ဖော်ပြထားတော့သည်။ မြန်မာတင်ထွန်း၏ ခြေနှစ်ချောင်းကြားတွင် အင်္ဂလိပ်မျက်နှာဖြူ ရော်(န)စမစ် ဒူးထောက်လဲနေသည့်ပုံ၊ သူ့ရင်ဘတ်တွင် ယူနီယံဂျက်အလံ တံဆိပ်ကြီးနှင့်။

တင်ထွန်းသည် ဒုတိယညတွင် နိုင်ဂျီးရီးယားနိုင်ငံက အန်ထော်နီ အင်ဒေ(ရှ)နှင့် ထိုးသတ်ရာ တင်ထွန်းက ၄-၁ နှင့် အမှတ်အပြတ်ဖြင့် အနိုင်ရပြန်၏။ တတိယညဝယ် တင်ထွန်းနှင့် အနောက်ဂျာမနီနိုင်ငံက အိပ်-စကုနှင့် ထိုးသတ်ရာ ၃-၂ နှင့်ကပ်၍ ရှုံးနိမ့်ခဲ့ရသည်။ အသည်းနာစရာကောင်းသည်။ တင်ထွန်းခမျာ ငိုလျက် ကြိုးဝိုင်းပေါ်က ဆင်းလာရှာသည်။

၁၉၆၈ခုနှစ်တွင် (၁၉)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ် လက်ဝှေ့ဗိုလ်လုပွဲကို မက္ကဆီကိုနိုင်ငံ မက္ကဆီကိုမြို့၌ ကျင်းပ၏။ သက်ဦးလေး (ဖလိုင်းဝိတ်တန်း)နှင့် တင်ထွန်း (ဖလိုက်ဝိတ်တန်း) သွားရောက်ထိုးပြိုင်ခဲ့သည်။ သက်ဦးလေးက ကေဗားနီးယား (သီရိလင်္ကာနိုင်ငံ)ကို အမှတ်ဖြင့်ရှုံးခဲ့ပြီး တင်ထွန်းက ကျူးဘားနိုင်ငံမှ လာဖုံမတီးအား နောက်ကောက်ဖြင့် ရှုံးခဲ့ရ၏။ တင်ထွန်းနိုင်နေရာမှ အဝင်မှား၍ ရှုံးခဲ့ရသည်။

၁၉၇၂ ခုနှစ်က အကြိမ် (၂၀)မြောက် ကမ္ဘာ့အိုလံပစ် လက်ဝှေ့ဗိုလ်လုပွဲကို ဂျာမနီနိုင်ငံ မြူးနစ်မြို့၌ ကျင်းပခဲ့၏။ မြန်မာ့လက်ရွေးစင် ဒေါ်လာ(ဖလိုင်းဝိတ်တန်း)နှင့် ဝင်းမောင်(ဘင်တန်ဝိတ်တန်း)တို့ သွားရောက် ယှဉ်ပြိုင်ခဲ့သည်။ ချင်းတိုင်းရင်းသား ဒေါ်လာသည် ဆိုဗီယက် ရုရှားနိုင်ငံမှ ဘင့်စကီးနှင့် ယှဉ်ပြိုင်ခဲ့ရာ ပထမအချီနှင့် ဒုတိယအချီမှာ ဒေါ်လာက အသာစီးနှင့်ထိုးနိုင်၏။ တတိယအချီ၌ ဘင့်စကီးက ဒေါ်လာအား ဒိုင်ပွဲရပ်ဖြင့် အနိုင်ယူသွားတော့သည်။ ဝင်းမောင်က ကျူးဘားနိုင်ငံ၏ ဝါရင့်လက်သီးရှင် အိုလင်းဒိုမာတင်းနစ်(၇)နှင့် ထိုးပြိုင်ရ၏။ ဝင်းမောင်က အိုလင်းမာတင်းနစ်အား နှစ်ကြိမ်လဲကျအောင် ထိုးနိုင်ခဲ့လင့် ကစား ၃-၂ ဖြင့် ကပ်၍ ရှုံးခဲ့ရသည်။ ထိုကျူးဘား ကမ္ဘာ့ဘင်တန်ဝိတ်တန်း ရွှေတံဆိပ်ရသွားသည်။ ဝင်းမောင် (မြန်မာ)အား ဂျာမန်လူမျိုး ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဟောင်း(၁၉၃၀-၃၂)မက်ရှမဲလင်းက "ဟော့ကလေး မင်းနိုင်တဲ့ပွဲကွ၊ ဒိုင်တွေအကြည့်မှားတာပါ။ ဆက်ကြိုးစားပါ။ မင်းလက်ရည်က ကမ္ဘာ့ချန်ပီယံဖြစ်မယ့် လက်ရည်ပါ"ဟု အားပေးခဲ့သည်။ မက်ရှမဲလင်း (MAX. SCH MELING)သည် ၁၉၃၆ ခုနှစ် ဇွန် ၁၉ ရက်က ကမ္ဘာကျော် အမေရိကန် နီဂရိုး ဂျိုးလူးဝစ် (JOE. LOUIS)အား ၁၂ ချီတွင် နောက်ကောက် (KNOCK OUT)ဖြင့် နိုင်ခဲ့ဖူးသည်။

၁၉၈၄ ခုနှစ်က (၂၃)ကြိမ်မြောက် ကမ္ဘာ့အိုလံပစ် လက်ဝှေ့ဗိုလ်လုပွဲကြီးကို အမေရိကန် ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ ဇော်လတ် (လိုက်ဝိတ်တန်း) တစ်ဦးကိုသာပဲ စေလွှတ်ခဲ့သည်။ ဇော်လတ်(ကချင်တိုင်းရင်းသား)သည် နိုင်ဂျီးရီးယားနိုင်ငံက အသားမည်း ကပ္ပလီ ခရစ်တိုဖားအော့ဆိုင်းအား အမှတ်ဖြင့် ရှုံးခဲ့ရသည်။

ကမ္ဘာ့အိုလံပစ် လက်ဝှေ့ဗိုလ်လုပွဲသို့ မြန်မာ့လက်ရွေးစင် ၁၈ဦး ယှဉ်ပြိုင်ရာတွင် သိန်းမြင့်နှစ်ပွဲ၊ တင်ထွန်းနှစ်ပွဲ၊ မျိုးသန့်တစ်ပွဲ၊ လှညွှန့်တစ်ပွဲ ပေါင်းခြောက်ပွဲ အနိုင်ရခဲ့သည်။

ကမ္ဘာ့အိုလံပစ် လက်ဝှေ့ကြိုးဝိုင်း လက်ရွေးစင်အဖြစ် သိန်းမြင့် သုံးကြိမ်၊ တင်ထွန်း နှစ်ကြိမ်တိုင်တိုင် အရွေးခံခဲ့ရသည်။

ယနေ့ ဂျိတ်ဘာဝါး၊ သက်ဦးလေး၊ ရဲဆွေ၊ သိန်းမြင့်၊ ဝင်းမောင်တို့ ငါးဦး သက်ရှိထင်ရှား ရှိနေပါသည်။ ။



လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာ ကြည့် တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံ ပြပွဲနှင့် ဟောပြောပွဲ ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၅ရက်က အမှတ်(၆)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မကြီးနှင့် ရပ်ကွက် ဥက္ကဋ္ဌ ဦးအောင်မျိုးမင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)



အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပ သည့် ၂၀၀၇ ခုနှစ် အို လံ ပစ် နေ့ အထိမ်းအမှတ် ဘိလိယက်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဇွန် ၂၂ရက်က အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ပထမဆုရရှိသော အောင်ဆန်းဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ စိစစ်ရွေးချယ်

**ရန်ကုန် ဇွန် ၂၄**

၂၀၀၇ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာ အမျိုးသမီးများနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က စီစဉ်ကျင်းပသော ရောင်စုံဓာတ်ပုံပြိုင်ပွဲ၏ စိစစ်အကဲဖြတ်ခြင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းမှ ဓာတ်ပုံပညာရှင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ ဇွန် ၂၃ ရက် မွန်းလွဲ ၁ နာရီက အမှတ် ၂၂၊ ၂၄ ပန်းဆိုးတန်းလမ်းရှိ ရန်ကုန်တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ဆောင်ရွက်ခဲ့သည်။

## ပါဝင်ယှဉ်ပြိုင်

အဆိုပါပြိုင်ပွဲကို ဘက်စုံဖွံ့ဖြိုးနိုင်ငံတော်အကျိုး အမျိုးသမီးများ ရွက်သယ်ပိုးဟူသော ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတစ်ဝန်းမှ ဓာတ်ပုံပညာရှင် ၅၁ ဦးက ဓာတ်ပုံပေါင်း ၁၆၂ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ (က–ပ)



**၂၀၀၇ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဓာတ်ပုံများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်နှင့် အကဲဖြတ်ပညာရှင်များက စိစစ်ရွေးချယ်ကြစဉ်။** (က–ပ)




**မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲ ဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေး ဗိမာန်တော်ကြီး) အတွက် နှစ်ဖက်သော မိဘများအား အမှူးထား၍ ဒုတိယဗိုလ်မှူးကြီးဇော်မင်း သိမ်း–ဒေါ်မို့မို့ဟန်၊ သား ရန်ရန်၊ သမီး ရှမဝ၊ မေသုတ မိသားစုတို့က ကျောင်းအလှူငွေကျပ် တစ်သိန်းကို ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဆရာတော် အထွေထွေအတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ (မြစ်ကျိုး) ရှေ့မှောက်၌ ပေးအပ်လှူဒါန်းရာ အကျိုးတော်ဆောင် ဒေါ်လှအေးက လက်ခံယူစဉ်။** (က–ပ)

# မြိုင်ဆရာတော် တရားပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၂၄**

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ(ဓမ္မကထိက၊ ဗဟုဇနဟိတဓရ)၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ (ဓမ္မာစရိယ၊ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် ဇွန် ၂၇ရက်တွင် စစ်ကိုင်းတိုင်း မြောင်မြို့ ဓမ္မိကာရုံ မဟာစည်ရိပ်သာ ဓမ္မသဘင်၌လည်းကောင်း၊ ၂၈ရက်တွင် မြောင်မြို့ ကျောက်ကြီးလိမ် ဘုရားရင်ပြင်တော် ဓမ္မသဘင်၌ လည်းကောင်း ညစဉ် ၇နာရီမှစ၍ တရားတော်များ ဟောကြားမည် ဖြစ်သည်။ (က–ပ)

# ပုသိမ်မြို့နယ်လုံးကျွတ် သံဃာတော်များ ဝါတွင်းသုံးလပတ်လုံး အရုဏ်ဆွမ်းလောင်းလှူမည်

**ရန်ကုန် ဇွန် ၂၄**

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် သာသနာ့အကျိုးတော်ဆောင်အဖွဲ့က ကြီးမှူး၍ (၆)ကြိမ်မြောက် မြို့နယ်လုံးကျွတ်သံဃာတော်အပါး ၂၈၀၀ကျော်တို့အား ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်မှ သီတင်းကျွတ် လပြည့်ကျော် ၁ ရက်အထိ ဝါတွင်းသုံးလပတ်လုံး ရွှေမုဋ္ဌောဘုရား ဒေါ်လှယဉ်ဓမ္မာရုံ၌ မြို့မဆွမ်းလောင်းအသင်းက နေ့စဉ်ဆွမ်းလောင်းလှူကြမည်ဖြစ်သည်။

## ဆက်သွယ်လှူဒါန်းနိုင်

ပါဝင်လှူဒါန်းလိုသူများသည် အရုဏ်ဆွမ်း သီးစုံဟင်းအတွက် ငွေကျပ်သုံးသိန်းခွဲ၊ ဝက်သားဆီပြန်ဟင်းအတွက် ငွေကျပ်ခြောက်သိန်း၊ ကြက်သားဆီပြန်ဟင်းအတွက် ငွေကျပ်ခုနစ်သိန်းနှုန်းဖြင့် ဦးတင်အေး ဖုန်း–၀၄၂–၂၄၂၇၇၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဝင်း ဖုန်း–၀၉–၅၂–၀၂၁၆၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာမင်းများလက်ထက် လုံခြုံရေးအစီအမံများ စာတမ်းဖတ်ကြား

**ရန်ကုန် ဇွန် ၂၄**

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာန မြန်မာ့သမိုင်းပညာရှင် အဖွဲ့ဝင် ဒေါက်တာ တိုးလှသည် ဇွန် ၅ ရက်က ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ မြန်မာမင်းများလက်ထက် လုံခြုံရေးအစီအမံများ စာတမ်းကို ဖတ်ကြားသည်။

## တက်ရောက်

အဆိုပါ စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံ ဝိဇ္ဇာ သိပ္ပံ ပညာရှင်များအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဒေါက်တာမျိုးသန့်တင်က ဆောင်ရွက်သည်။ စာတမ်းဖတ်ပွဲသို့ ဝိဇ္ဇာ သိပ္ပံ ပညာရှင်များအဖွဲ့ အဖွဲ့ဝင်များ၊ သမိုင်းသုတေသနဦးစီးဌာန သုတေသနအရာရှိများ၊ ရန်ကုန် တက္ကသိုလ် သမိုင်းဌာနမှ ဆရာ ဆရာမများ၊ ပါရဂူ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




**ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် အောင်သပြေလမ်းနေ ဦးရွှေ–ဒေါ်သန္တာသိန်း၊ သားမောင်ဇော်ရဲထွဋ် (မွေးနေ့) သမီး မအိခြွေမိုး၊ သား မောင်ဇော်လတ်နောင် မိသားစုတို့က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အဆောက်အအုံပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

# တီးတိန် ပြန်/ဆက်ဦးစီးဌာန၌ စာဖတ်ပွဲကျင်းပ

ချင်းပြည်နယ် တီးတိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတိဗ္ဗီခန်းမ၌ ဇွန် ၁၉ ရက် မွန်းတည့် ၁၂နာရီက စာဖတ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင်တီးတိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဒိုင်ခန့်ဒိမ်က စာဖတ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် တွန်းဇံမြို့နယ်ဦးစီးမှူး ဦးတွာလ်ဆွင်းဗရ်က ချစ်စံဝင်း ရေးသားသည့် ဆရာဟူသည် ဥယျာဉ်မှူးစာအုပ်ကို လည်းကောင်း၊ ကျီခါးမြို့နယ် ဦးစီးမှူး ဦးကျင့်ဇခမ်က ချစ်နိုင် (စိတ်ပညာ) ရေးသားသည့် အောင်မြင်သူတို့ရဲ့ အပြုအမူ စာအုပ်ကိုလည်းကောင်း၊ တီးတိန်မြို့နယ်ရုံးမှ စာထောက်(၃) ဒေါ်လျန်းဒိုးကျိန်က ဒို့ကျေးရွာ ဂျာနယ် အတွဲ(၃) အမှတ်(၂၀)မှ ရေလိုအေးစေ ပန်းလိုမွှေးစေဆောင်းပါးကို လည်းကောင်း ဖတ်ကြားကြသည်။ (မြို့နယ် ပြန်/ဆက်)

# ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းစုပေါင်းဆောင်ရွက်

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဆွေဆွေမာ ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများစုပေါင်း၍ မြို့နယ်အတွင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို မေ ၁၁ ရက်မှ ၂၇ ရက်အထိ တိုးချဲ့ရပ်ကွက်နှင့် ကမာမို၊ ဘိုးနက်၊ ကမနင်း၊ ကမာကေး၊ ဒရယ်၊ တောင်စွန်း၊ ကလွီနှင့်မုရစ်ကလေးကျေးရွာများတွင် ဆောင်ရွက်ကြသည်။

အဆိုပါလုပ်ငန်းတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအဖြစ် ချုံနွယ်များ ရှင်းလင်းရေးဆောင်ရွက်ခြင်း၊ ရေသစ်များ လဲလှယ်စစ်ပေးခြင်း၊ ရေစီးရေလာကောင်းမွန်အောင် ရေနုတ်မြောင်းများ ဆယ်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပညာသင်စရိတ် ထောက်ပံ့

မိုးကောင်းမြို့နယ် မိုးကောင်းရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၏ သားသမီး ကျောင်းသား ကျောင်းသူများအား ၂၀၀၇–၂၀၀၈ ပညာသင်နှစ်အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို မေ ၂၉ရက်က အဆိုပါရဲစခန်း၌ ကျင်းပရာ စခန်းမှူး ရဲအုပ်စိုးအောင်က အမှာစကားပြောကြားပြီး အခြေခံပညာမူလတန်းအဆင့်မှ တက္ကသိုလ်အဆင့်အထိ ကျောင်းသား ကျောင်းသူ ၂၃ဦး တို့အား ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၅၃၀၀၀ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ (၄၁၆)

**မြန်မာ့အလင်း**

**ပြည်တွင်း သတင်း အတိုအထွာ**

# သတင်းစာဖတ် စွမ်းရည်နှင့် အထွေထွေဗဟုသုတပြိုင်

**ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော သတင်းစာဖတ်စွမ်းရည်နှင့် အထွေထွေဗဟုသုတပြိုင်ပွဲကို မေ ၂၄ ရက် မွန်းလွဲ ၁ နာရီက အထကကျောင်း ရွှေဖီဦးခန်းမ၌ကျင်းပရာ အမျိုးသားအဖွဲ့ဝင် ခုနစ်ဦး၊ အမျိုးသမီး အဖွဲ့ဝင်ခုနစ်ဦးက အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဝင်ရောက်ယှဉ်ပြိုင်ကြရာ အမျိုးသားအဖွဲ့က အကောင်းဆုံး ဖြေကြားနိုင်ပြီး မြို့နယ် ဦးစီးမှူး ဒေါ်နန်းဆိုင်လီခမ်းက ဆုများချီးမြှင့်ပေးကြောင်း သိရသည်။** (မြို့နယ် ပြန်/ဆက်)

# လုပ်ငန်းညှိနှိုင်းစည်းဝေး

နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စုပေါင်းရုံးတွင်ကျင်းပရာမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးတင့်ဇော်က အမှာစကားပြောကြားပြီး အစည်းအဝေးတွင် ကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းရေး ကွင်းဆင်းကြီးကြပ်ရေး၊ နွေစပါးနှင့် မိုးသီးနှံများ ဖြစ်ထွန်းမှု အခြေအနေများကို ညှိနှိုင်းကြကြောင်း သိရသည်။ (၂၂၇)

# ကချင်ပြည်နယ် တိုင်းရင်းဆေးဆရာအသင်းနှင့် အသင်းခွဲများ အမှုဆောင်သစ်ရွေးချယ်

**မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ကချင်ပြည်နယ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် အလုပ်အမှုဆောင်များ ရွေးချယ်ပွဲကို မေ ၁၆ ရက် နံနက်က မြစ်ကြီးနား တိုင်းရင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းရင်းဆေးကောင်စီဝင် ဦးငွေမြင့်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းဆေးကောင်စီဝင် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်းဗဟို အတွင်းရေးမှူး ဦးဝထွန်းက အသင်းဖွဲ့စည်းပုံနှင့် တာဝန်ဝတ္တရားများ၊ အသင်းခွဲများဖွဲ့စည်းပုံနှင့် ရှေ့လုပ်ငန်းစဉ်များကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် တိုင်းရင်းဆေးဆရာအသင်း၊ အသင်းခွဲများ၏ အမှုဆောင်သစ်များကို ရွေးချယ်တင်မြှောက်ကြကြောင်း သိရသည်။** (ခရိုင် ပြန်/ဆက်)

# ညောင်ရွှေစည်ပင် ပန်းအလှပင်စိုက်ပျိုး

ရှမ်းပြည်နယ်(တောင်ပိုင်း)ညောင်ရွှေမြို့ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်တိုး၊ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုးနှင့် ဦးစီးအရာရှိ ဦးအောင်စည်တို့ ဦးဆောင်ကြီးကြပ်၍ ရုံးဝန်ထမ်းများသည် မေ ၂၂ရက်က မြို့အဝင်ဆိုင်းဘုတ်နှင့် ဗိုလ်ချုပ်ပန်းခြံတွင်မြို့သန့်ရှင်းလှပစိုပြည်ရေးအတွက် ပန်းအလှပင်များ တိုးချဲ့စိုက်ပျိုးခြင်း၊ မြေဆွပေါင်းသင်ခြင်း၊ ရေလောင်းခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။ (၀၂၇)

# ဒုတိယမြို့တော်ဝန် အခွန်လွတ်ဈေးများ စစ်ဆေး
## ဈေးနှုန်းသက်သာရေး၊ အလေးချိန်မှန်ကန်ရေး ကြပ်မတ်ကွပ်ကဲရန်မှာကြား

**ရန်ကုန် ဇွန် ၂၄**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းက ရွှေပြည်သာမြို့နယ် သီရိမင်္ဂလာပတ်လမ်းရှိ အခွန်လွတ်ဈေး၊ လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက် အခွန်လွတ်ဈေးနှင့် ကမာရွတ်မြို့နယ်ဟံသာဝတီအခွန်လွတ်ဈေးများ**(အောက်ပုံ)**သို့ သွားရောက်၍ တည်ခင်းရောင်းချနေကြသည့် လူသုံးကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ရာသီကုန် ကုန်စိမ်းများ၊ သီးနှံများ၊ ပန်းမန်များ၊ ရေချို၊ ရေငန်၊ ပုစွန်၊ အသား၊ ငါးမျိုးစုံတို့အား ဝယ်ယူနေကြသော ပြည်သူများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံ၍ တာဝန်ရှိသူများက ဈေးနှုန်းသက်သာစေရေး၊ အလေးချိန်မှန်ကန်စေရေး၊ သန့်ရှင်းလတ်ဆတ်စေရေး၊ ပြည်သူများ စိတ်ချမ်းသာစေရေး၊ ဆင့်ကဲ ကြပ်မတ်ကွပ်ကဲရေး စသည့် ရည်ရွယ်ချက် (၅)ရပ်နှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

**ညှိနှိုင်းဆောင်ရွက်ပေး**

ထိုမှတစ်ဆင့် ဒုတိယမြို့တော်ဝန်သည် ဆိပ်ကမ်းမြို့နယ်ရှိ ဆန်စပါးကုန်သည်ကြီးများအသင်း အစည်းအဝေးခန်းမ၌ ဆန်စပါးကုန်သည်ကြီးများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး တက်ရောက်လာသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြရာ ဒုတိယမြို့တော်ဝန်က တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





## ဆုချီးမြှင့်

**ပုဇွန်တောင်မြို့နယ် (၂၄)ကြိမ်မြောက် ယဉ်ကျေးမှုဆုပေးပွဲ အခမ်းအနားကို မြသိန်းတန်ကျောင်း ပရိယတ္တိစာသင်တိုက်၌ ဇွန်၂၃ရက်က ကျင်းပရာ မြသိန်းတန်ကျောင်း ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကေသရကတတိယဆင့် ဆုရသူတစ်ဦးအား ဆုချီးမြှင့်တော်မူစဉ်။** (၃၅၂)

## တစ်ချက်တည်းကျင်းဝင်ခဲ့

**ရန်ကုန် ဇွန် ၂၄**

လေယာဉ်မှူးကြီးဦးကျော်လင်းဦး (Air Bagan Ltd.)သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း ငွေသော်တာကွင်းတွင်ဇွန်၁၀ရက်နံနက်၁၀နာရီ၄၅မိနစ်က ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၆)အား ကိုက်၁၅၀အကွာမှ Nike(2) ဘောလုံးကို Polo Ass: No(8) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးတင်မောင်ထွန်း(ညွှန်ချုပ်၊ မြန်မာ့လေကြောင်း)၊ ဗိုလ်မှူးကြီးဆန်းဦးလှိုင်၊ ဒုတိယဗိုလ်မှူးကြီး ဇော်မင်း၊ ဦးသန်းတိုးတို့နှင့်အတူ ကစားလျက်ရှိကြောင်း သိရသည်။ **(က-ပ)**

## အင်းလေးဒေသရှိ မျက်စိဝေဒနာရှင်များအတွက် အလှူငွေများပေးအပ်

**ရန်ကုန် ဇွန် ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)အင်းလေးဒေသရှိ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ကုသရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း တကူးတက ပရဟိတအဖွဲ့က အလှူငွေပေးအပ်လှူဒါန်းပွဲကို ဇွန် ၂၂ ရက် မွန်းလွဲ၂ နာရီက ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားလမ်းရှိ အင်းလေးဓမ္မာရုံ၌ ကျင်းပရာ အင်းလေးဟဲယာရွာမ ရွှေဘုံသာပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော် သံဃနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝေပုလ္လာဘိဝံသ ကြွရောက်၍ သြဝါဒကထာ ချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များအသင်း အကြံပေး အငြိမ်းစားပါမောက္ခဒေါ်ရီရီမြင့်၊ အသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ပြီး လှူဒါန်းရခြင်းအကြောင်းကို မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်သက်ရီက လျှောက်ထားရာ အလှူရှင်များက မျက်စိဝေဒနာရှင်များအတွက် လှူဒါန်းငွေကျပ် ၅၅ သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

**MYANMAR WOMEN'S DAY**

**3rd July 2007**




## ဆိုင်းဘုတ်တင်

**ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဇွန် ၁၅ရက်က ကမာရွတ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်နုနှင့် အတွင်းရေးမှူး ဒေါ်ကျင်မှီ ခေါင်းဆောင်သည့်အဖွဲ့ဝင်များ လှည်းတန်းမီးပွိုင့်အနီး၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆိုင်းဘုတ်တင် အခမ်းအနားကို ကျင်းပစဉ်။** (က-ပ)



**ဇွန် ၂၃ရက်က ကျင်းပသော တောင်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မိသားစု၏ ၂၀၀၇-၂၀၀၈ခုနှစ် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြဒွေးက ပညာသင်စရိတ်စုစုပေါင်း ငွေကျပ် ၅၁၁၅၀၀ ပေးအပ်ရာ တပ်ဖွဲ့ဝင်များ၏ ကိုယ်စားစခန်းမှူး ရဲအုပ်အောင်မြင့်ဦး လက်ခံယူစဉ်။** (၄၂၂)

# သမိုင်းသုတေသန ဦးစီးဌာနသို့ ပေ၊ ပုရပိုက်များလှူဒါန်း
## မြန်မာတို့၏ အစဉ်အလာကြီးမားသော သမိုင်းပြည့်စုံလာရေး
### အထောက်အကူပြုမည်သာမက သုတေသီများအတွက်လည်း အသုံးဝင်

ရန်ကုန် ဇွန် ၂၄

**သမိုင်းသုတေသနဦးစီးဌာနသည် မတ် ၅ရက်မှစ၍ သတင်းစာများတွင် ထည့်သွင်းကြေညာလျက် ပေ၊ ပုရပိုက်များ အလှူခံ ထိန်းသိမ်းခဲ့ရာ ယနေ့အထိ အလှူရှင်ခြောက်ဦးထံမှ ပေစာထုပ်ကျမ်း ၈၀၊ ပုရပိုက် ၅၁ ဆူ လက်ခံရရှိနေပြီဖြစ်သည်။ ယင်းအရေအတွက်မှာ ရန်ကုန်မြို့ပေါ်မှ အလှူရှင်များလှူဒါန်းသော အရေအတွက်သာဖြစ်လျက် အနယ်နယ်အရပ်ရပ်မှလည်း လှူလိုကြောင်း သမိုင်းသုတေသနဦးစီးဌာနသို့ ဆက်သွယ်ခြင်းများလည်းရှိသည်။ ထိုသူများထံသို့ သွားရောက်၍ ဦးစီးဌာနမှ ပေ၊ ပုရပိုက်များ လက်ခံမည်ဖြစ်သည်။**

**အလှူရှင်များ**

ရန်ကုန်မြို့ပေါ်မှ သမိုင်းသုတေသန ဦးစီးဌာနသို့ ပေ၊ ပုရပိုက်များ လှူဒါန်းသော အလှူရှင်များမှာ ဦးလက္ခဏ ရတနာပုံကျောင်းတိုက် ဝေဠုဝန်လမ်းကျယ် စမ်းချောင်းမြို့နယ် ရန်ကုန်မြို့၊ ဦးဝင်းတင့် တိုက်အမှတ်၈၅ အခန်း ၁၀၁ လှည်းတန်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့၊ ဦးလှဘော် (၅၅-အေ) ယောမင်းကြီးလမ်း ရန်ကုန်မြို့၊ ဦးသာသန စတီးကျောင်းတိုက် လှိုင်သာယာမြို့၊ ဦးဆောင်း ၄၉ ရပ်ကွက် အမှတ် ၁၄၀၅ စိန်ချယ်လမ်း မြောက်ဒဂုံမြို့နယ်ရန်ကုန်မြို့၊ ဒုတိယဗိုလ်မှူးကြီး သန်းညွှန့် မြစ်တွင်းကုန်စည်ပို့ဆောင်ရေး အမှတ်၃၇၆ အနော်ရထာ ၄လမ်း မြို့မ (၂) မော်ဘီမြို့၊ ဒုတိယရဲမှူးကြီး ဝင်းမြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အောင်သပြေရဲရိပ်သာ တိုက် ၈ အခန်း (ခ)မရမ်းကုန်းမြို့နယ်တို့ ဖြစ်သည်။

**အကြောင်းအရာမျိုးစုံပါရှိ**

အဆိုပါလှူဒါန်းသော ပေ၊ ပုရပိုက်များတွင် အကြောင်းအရာမျိုးစုံပါရှိသည်။ မင်းဧကရာဇ်နှင့်သက်ဆိုင်သော နန်းဓလေ့များ၊ စာရင်းအင်းများ၊ အမိန့်တော်များ၊ သုဓမ္မာ ဆရာတော်တို့ ဆက်သွင်းစာ၊ ဘိသိက်ခံအခမ်းအနား၊ မင်းဆက်လင်္ကာ၊ အမှုထမ်းစာရင်းချုပ်၊ ဆင်ကြန်လင်္ကာ၊ ဆံထုံး ၅၇မျိုး အန်ချင်း၊ လှော်ကားတော်သိမ်းစာရင်း၊ မဏိရတနာပုံ ခေါ်ဝန်ဇင်းမင်းရာဇာလျှောက်ထုံး၊ ပို့၊ မော်ကွန်း၊ ရတုစသည့် အနုစာပေကျမ်းများ၊ ဆေးမီးတိုကျမ်း၊ ဗေဒင်ကျမ်း၊ သတ်ပုံကျမ်း၊ ရွက်နီကိန်း တွက်နည်း၊ ဆေးကျမ်း၊ ဗေဒင်ကျမ်း၊ တရားစာများ၊ သတ်ပုံကျမ်းများ၊ ဖြတ်ထုံးကျမ်းများ၊ မြန်မာစာပေ အဖြေကျမ်းများ၊ အမေးအဖြေကျမ်းများ၊ အဆုံးအဖြတ်ဝိနိစ္ဆယ ကျမ်းများပါရှိသည်။

**အသုံးဝင်မည်**

အဆိုပါလှူဒါန်းသော ပေ၊ ပုရပိုက်များသည် မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ အစဉ်အလာကြီးမားလှသော သမိုင်းပိုမိုပြည့်စုံလာရေး၊ အထောက်အထားခိုင်မာတိကျရေးတွင် များစွာအထောက်အကူပြုမည်သာမက တက္ကသိုလ်အသီးသီးမှ ပါရဂူသင်တန်းသားများ၊ သုတေသီများအတွက်လည်း အသုံးဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

## သီလရှင်များအား ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများပညာပေး လက်တွေ့စောင့်ရှောက်ကုသ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူ

**တောင်ကြီး ဇွန် ၁၈**

ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍တောင်ကြီးမြို့ပေါ်ရှိ သီလရှင်ကျောင်းတိုက်များမှ သီလရှင်များအား ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ ပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ဝတ္ထုပစ္စည်းများ လောင်းလှူပွဲ အခမ်းအနားကို ဇွန် ၁၃ရက် မွန်းလွဲ ၂ နာရီက တောင်ကြီးမြို့ ပြည်နယ်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုးအောင်က အမှာစကားပြောကြားပြီး တစ်ကိုယ်ရေသန့်ရှင်းရေး၊ လက်ဆေးခြင်းအကြောင်း အသိပညာပေးကာ ဒေါက်တာ ဒေါ်နှင်းရီအေး၊ ဒေါက်တာ ဒေါ်မြတ်လေးနွယ်တို့က အမျိုးသမီးများတွင် ဖြစ်ပွားတတ်သော ကင်ဆာရောဂါ အမျိုးမျိုး၊ တီဘီ၊ အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါများအကြောင်း၊ ဒေါက်တာဒေါ်ခင်သန်းနွဲ့က သွားနှင့် ခံတွင်းဆိုင်ရာအကြောင်း သိကောင်းစရာများ ဟောပြောကြသည်။

**လောင်းလှူ**

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်နှင့် အဖွဲ့ဝင်များက သီလရှင်များအား လက်တွေ့ကျန်းမာရေးစောင့်ရှောက် ကုသမှုပေးနေမှုများကို လှည့်လည်ကြည့်ရှုပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့်သီလရှင်နှစ်ရာတို့အားလှူဖွယ်ဝတ္ထုပစ္စည်းများလောင်းလှူကြကြောင်း သိရသည်။ **(အပေါ်ယာပုံ)(အမျိုးသမီးရေးရာ)**



### စက်ရေတွင်း

**စဉ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တူးဖော်ဆောင်ရွက်ပေးထားသော နတ္တောင် ကျေးရွာသစ်နှစ်လက်မ စက်ရေတွင်းကို ဇွန် ၃ ရက်က အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းလှအောင်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)



## ချို့တဲ့ကျောင်းသားကျောင်းသူများ ပညာသင်ကြားရေး ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်း

ညောင်တုန်း ဇွန် ၂၀

**ချို့တဲ့သော ကျောင်းသားကျောင်းသူများ ပညာသင်ကြားရေး အခက်အခဲ မရှိစေရေးအတွက် ကျောင်းသုံးစာအုပ်များနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၁၅ရက်က ညောင်တုန်းမြို့နယ် ရုံးခန်းမတွင် ကျင်းပသည်။**



အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်က ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်က လှူဒါန်းမှု စာရင်းကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ပြဋ္ဌာန်းစာအုပ်များကို မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်တင်က ဆားမလောက် အထက ကျောင်းအုပ်ဆရာကြီး ဦးကျော်ထွန်းသို့ လည်းကောင်း**(ယာပုံ)**၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော စာရေးခုံရှည်၁၀စုံကို သဇင်ရေကျော်တွဲ အထကကျောင်းအုပ်ဆရာကြီး ဦးတင်အောင်သို့လည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက လှူဒါန်းသော ပြဋ္ဌာန်းစာအုပ်နှင့် ဗလာစာအုပ်များကို အသင်းဥက္ကဋ္ဌ ဒေါ်သန်းသန်းမြင့်နှင့် ဘဏ္ဍာရေးမှူး ဒေါ်နွဲ့နွဲ့ကြည်တို့က မြို့နယ်ပညာရေးမှူး ဦးဝင်းထိန်သို့လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းသော ခဲတံနှင့်ဗလာစာအုပ်များကို အဖွဲ့ဝင် ဒေါ်သန်းသန်းစိုးနှင့် အတွင်းရေးမှူး ဒေါ်ဝေဝေနွယ်တို့က အထက(၁)ကျောင်းအုပ် ဆရာမကြီး ဒေါ်စန်းဌေးသို့လည်းကောင်း၊ ဌာနဆိုင်ရာများက လှူဒါန်းသော ခဲတံများကို အထက(၂)ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဝင်းရီသို့လည်းကောင်း၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက လှူဒါန်းသော ဗလာစာအုပ်နှင့်ခဲတံများကို တွဲဖက်အတွင်းရေးမှူး ဦးအောင်သိန်းထွန်းက အလယ်တန်းပြဆရာမ ဒေါ်ခင်ရီဌေးသို့လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

အဆိုပါချို့တဲ့သော ကျောင်းသားကျောင်းသူများ ပညာသင်ကြားရေး အခက်အခဲမရှိစေရေးအတွက် အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ စေတနာရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက လှူဒါန်းသော ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ၊ စာရေးခုံများ၏စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၁၂၃၈၂၀၀ ဖြစ်ကြောင်း သိရသည်။ **(ဝဇိရ)**

## သဲကုန်းမြို့မဈေး၌ အလေးချိန်ခွင်မှန်ကန်ရေး လုပ်ငန်းများဆောင်ရွက်

**သဲကုန်း ဇွန် ၂၀**

ပဲခူးတိုင်း(အနောက်ပိုင်း) သဲကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ပြည်သူများ စိတ်လက်ချမ်းသာစွာ ဈေးရောင်းဝယ်နိုင်ရေးအတွက် သဲကုန်းမြို့ အောင်မင်္ဂလာဈေးအတွင်းရှိ ဈေးသည်များ အလေးချိန်ခွင်မှန်ကန်စေရေး၊ တင်းတောင်းပြည့်မီ၍ မှန်ကန်စွာ ချိန်တွယ် ရောင်းဝယ်စေရေးတို့အတွက် ဇွန် ၁ရက်က ဒုတိယဦးစီးမှူး(အခွန်) ဒေါ်မိမိအောင် ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ၊ ဈေးမိဈေးဖများနှင့် အမှုဆောင် အရာရှိ ဦးမောင်မောင်သွင်တို့ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

### အမြို့မြို့ အနယ်နယ် သတင်းများ

## စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆွေးနွေး

လေးမျက်နှာ ဇွန် ၉

*ဟင်္သာတ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဘိုလှရီ၊ လေးမျက်နှာ မြို့နယ် ဦးစီးမှူး ဦးတင်ရွှေနှင့် ရုံးအဖွဲ့တို့သည် မေ ၁၂ ရက်က လေးမျက်နှာ မြို့နယ် အိုင်သပြုရွာ လူငယ့်အားမာန်ကိုယ့်အား ကိုယ်ကိုးစာကြည့်တိုက်၌ အိုင်သပြုအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၂၀ မှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ စာကြည့်တိုက်ကော်မတီဝင်များ တွေ့ဆုံ၍ စာကြည့်တိုက် ရေရှည် တည်တံ့ရေး၊ ကိုယ်ပိုင် အဆောက်အအုံများ ရရှိရေး၊ ငွေပဒေသာပင်များ စိုက်ထူရေးတို့ကို ဟောပြော ဆွေးနွေးကြသည်။*

*ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ရွှေက အိုင်သပြုကျေးရွာ လူငယ့်အားမာန်ကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းကျော်က လက်ခံယူသည်။*

(မြို့နယ် ပြန်/ဆက်)

### ပလက်ဖောင်းများပြုပြင်

**မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်သူများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် လမ်းဘေးလူသွားလမ်း ပလက်ဖောင်းများ ပြုပြင်ပေးလျက်ရှိရာ မေ ၂၉ ရက်က အမှတ်(၂)ရပ်ကွက် အမှတ်(၃)လမ်း ပလက်ဖောင်းများ ပြုလုပ်ခြင်းကို အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ခင်မာလာ ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

## ပညာအလင်းရောင်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်၊ စာအုပ်မျိုးစုံနှင့်အလှူငွေပေးအပ်

**မိုင်းပန် ဇွန် ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် တာဆန်းကျေးရွာ ပညာအလင်းရောင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်နှင့်အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇွန် ၅ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်ရှေ့တွင် ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးဇော်ထွန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းမြင့်က စာကြည့်တိုက် ရေရှည်တည်တံ့ရေး ရှင်းလင်းသည်။

ဆက်လက်၍ မြို့နယ်အတွင်းရှိ စေတနာရှင်များလှူဒါန်းသည့် စာအုပ်မျိုးစုံနှင့် စာကြည့်တိုက်ငွေပဒေသာပင် အလှူငွေကျပ်လေးသောင်းကို စာကြည့်တိုက် တာဝန်ခံထံ ပေးအပ်လှူဒါန်းပြီး အဆောက်အအုံကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးသန်းမြင့်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**



**မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်သော ကျောက်ဖျာကျေးရွာ အရှည်ပေ ၅၃၀၀၊ အကျယ် ၁၀ပေ ရှိ ကျောက်ချောလမ်း ဆောင်ရွက်မှုကို မေ ၃ရက်က မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်စိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်ဌေးတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)



✻ ရှေ့ဖုံးမှ

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် မကြာမီ ဇူလိုင်လအတွင်းမှာ နောက်ဆုံးအကြိမ်အဖြစ် အမျိုးသားညီလာခံကို ကျင်းပတော့မှာ ဖြစ်ကြောင်း၊ အမျိုးသားညီလာခံ လုပ်ငန်းများ ပြီးစီးသွားပါက ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ကျန်ရှိတဲ့ လုပ်ငန်းများကို တစ်ဆင့်ပြီး တစ်ဆင့် ဆက်လက် ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

## လွှဲပြောင်းပေး

ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို အမျိုးသားညီလာခံမှ ချမှတ်ပေးထားသည့် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများအပေါ်တွင် အခြေခံပြီး ရေးဆွဲသွားမှာဖြစ်ကြောင်း၊ ပြီးလျှင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်ပြီး အတည်ပြုသွားမှာဖြစ်ကြောင်း၊ အတည်ဖြစ်လာလျှင် ဥပဒေနှင့်အညီ ရွေးကောက်ပွဲ ပြုလုပ်မှာဖြစ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ခြင်းနှင့် လွှတ်တော်ဖွဲ့စည်းခြင်း၊ အစိုးရအဖွဲ့ ဖွဲ့စည်းခြင်းများ ဆောင်ရွက်ပြီးသည့်အခါ အရပ်သားအစိုးရသို့ အာဏာလွှဲပြောင်းပေးသွားမှာ ဖြစ်ကြောင်း။

အနာဂတ်တွင် ဖြစ်ပေါ်လာမည့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်၏ ဖွဲ့စည်းမှုပုံသဏ္ဌာန်တွင် အထက်ပိုင်း၌ သမ္မတ၊ ဒုတိယသမ္မတနှစ်ဦး၊ လွှတ်တော်သုံးရပ်ရှိပြီး အောက်ပိုင်းတွင် တိုင်းဒေသကြီး ခုနစ်ခုနှင့် ပြည်နယ်ခုနစ်ခုတို့တွင်လည်း လွှတ်တော်၊ အစိုးရအဖွဲ့၊တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ ရှိလာမှာဖြစ်ကြောင်း၊ ထို့အပြင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှာ ဦးစီးအဖွဲ့များ ရှိလာမှာဖြစ်ကြောင်း။

## အဓိကတာဝန်

ထိုအချိန်တွင် တပ်မတော်သည် မူလတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေး တာဝန်ကိုသာ အဓိကထမ်းဆောင်ရမှာဖြစ်သည့်အတွက် နိုင်ငံတည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အဓိကတာဝန်ယူလုပ်ဆောင်သွားမည့် ဌာနများသည် အုပ်ချုပ်ရေးအဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ ဖြစ်ကြောင်း။

**နိုင်ငံတော်အကြီးအကဲက အုပ်ချုပ်ရေးအဖွဲ့တွေ ကောင်းဖို့ လိုတယ်။ ရဲတပ်ဖွဲ့ကောင်းဖို့ လိုတယ်လို့ မကြာခဏ လမ်းညွှန်မိန့်ကြားခဲ့ကြောင်း၊ ဖော်ပြပါအဖွဲ့များကောင်းဖို့ရန်အတွက် စွမ်းရည်ရှိရမည်၊ စိတ်ဓာတ်ကောင်းရမည်၊ ကိုယ်ကျင့်တရား ကောင်းရမည်၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် စွမ်းရည်ရှိမှ အုပ်ချုပ်ရေးလုပ်ငန်းများ၊ ရဲလုပ်ငန်းများကို အခက်အခဲမရှိ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်း၊ စိတ်ဓာတ်ကောင်းရန် ဆိုသည်မှာ မတရားအနိုင်အထက် မလုပ်လိုသည့် စိတ်ဓာတ်၊ မမှန်မကန် မလုပ်လိုသည့် စိတ်ဓာတ်၊ မိမိအား ပေးအပ်သည့် တာဝန်ကို မဖြစ်မနေ အောင်မြင်အောင် လုပ်လိုသည့် စိတ်ဓာတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ ဖြစ်ကြောင်း။**

## အခြေခံလိုအပ်ချက်

ထို့အပြင် ကိုယ်ကျင့်တရားကောင်းခြင်းသည် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း၊ ကိုယ်ကျင့်တရား မကောင်းလျှင် မိမိ အဖွဲ့အစည်းကို ဦးဆောင်၍မရသကဲ့သို့ မိမိတာဝန်ယူရသည့် ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ ခရိုင် စသည်များကိုလည်း ဘယ်နည်းနှင့်မှ အုပ်ချုပ်ကွပ်ကဲ၍ မရနိုင်ခြင်းကြောင့် ကိုယ်ကျင့်တရား ကောင်းခြင်းသည် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း။

အထူးသဖြင့် ရဲတပ်ဖွဲ့သည် လက်နက်ကိုင်ဆောင်ထားသည့် အဖွဲ့ဖြစ်သည့်အတွက် စည်းကမ်းရှိရန်လည်း အထူးလိုအပ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းသည် စည်းကမ်းမရှိလျှင် လက်နက်နှင့် စီးပွားရှာခြင်း၊ ပြည်သူလူထုကို အနိုင်ကျင့်ခြင်းများဖြစ်နိုင်သည့်အတွက် ပြည်သူများအတွက် အလွန်အန္တရာယ်များကြောင်း၊ စည်းကမ်းသည် လက်နက်ကိုင်အဖွဲ့အစည်းအတွက် မရှိမဖြစ် လိုအပ်သည်ဖြစ်၍ စည်းကမ်းရှိရန်၊ စည်းကမ်းကောင်းရန်တို့သည် ရဲတပ်ဖွဲ့အတွက် အလွန်မှ အရေးကြီးကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲရေးကော်မတီကို ၁၉၉၄ခုနှစ် ဇန်နဝါရီလ ၂၈ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ အမိန့်ကြေညာစာအမှတ် (၁၄/၉၄)ဖြင့် ဖွဲ့စည်းခဲ့ကြောင်း။

အဆိုပါ ပြုပြင်ပြောင်းလဲရေးကော်မတီ၏ လက်အောက်၌ တရားရေးဆိုင်ရာဆပ်ကော်မတီ၊ ဥပဒေရေးရာဆပ်ကော်မတီ၊ ဆောက်လုပ်ရေးဆပ်ကော်မတီ၊ စီမံခန့်ခွဲရေးဆိုင်ရာဆပ်ကော်မတီ၊ လေ့ကျင့်ရေးဆိုင်ရာဆပ်ကော်မတီ စသည့်ဆပ်ကော်မတီငါးရပ်ကို ၁၉၉၄ခုနှစ် မတ် ၁၅ရက်နေ့တွင် ဖွဲ့စည်းခဲ့ကြောင်း။

## အရည်အသွေးမြှင့်တင်

အဆိုပါ ဆပ်ကော်မတီများသည် မိမိတို့၏ကဏ္ဍအပိုင်းအလိုက် ရဲတပ်ဖွဲ့အား အသွင်သဏ္ဌာန်နှင့် အနှစ်သာရပါ တိုးတက်ပြောင်းလဲလာစေရန်အတွက် အသီးသီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြကြောင်း၊ နှစ် ၃၀ စီမံကိန်း (Concreat Plan) ကဲ့သို့သော စီမံချက်များ၊ ရဲတပ်ဖွဲ့အဆင့်မြှင့် တိုးချဲ့ခြင်းများ၊ လေ့ကျင့်ရေးပိုင်းဆိုင်ရာ၌ ခေတ်နှင့်အညီ ပြောင်းလဲ တိုးတက်စေရန်၊ သင်ရိုးညွှန်းတမ်း (Curriculum)၊ သင်ရိုးဇယား (Syllabus) ပြင်ဆင်ရေးဆွဲမှုများ၊ ယာဉ်နှင့်လုပ်ငန်းသုံးပစ္စည်း ဖြည့်ဆည်းပေးမှုများ စသည်တို့ ဆောင်ရွက်ပေးခြင်းဖြင့် ရဲတပ်ဖွဲ့အား အရည်အချင်းနှင့် အရည်အသွေး မြှင့်တင်ပေးလျက်ရှိကြောင်း။

ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီသဖွယ် ဖြစ်၍ တရားဥပဒေစိုးမိုးမှ ရပ်ရွာအေးချမ်းသာယာမည်ဖြစ်သကဲ့သို့ တိုင်းပြည်အေးချမ်းသာယာမှလည်း တရားဥပဒေစိုးမိုးမှာ ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်မှာ ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို မိမိတို့ကိုယ်တိုင် သိရှိနားလည်ရန် ပထမအချက်အနေနှင့် လိုအပ်ကြောင်း၊ ယင်းအမိန့်များ၊ ညွှန်ကြားချက်များ၊ ဥပဒေများကို မိမိတို့ကိုယ်တိုင် သိရှိနားလည်နေရန် လိုအပ်သကဲ့သို့ ဒုတိယအချက်အနေဖြင့် မိမိတို့ကိုယ်တိုင် တိကျစွာလိုက်နာကြရန် လိုအပ်ကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့နှင့် ရဲတပ်ဖွဲ့များသည် အဆိုပါ နိုင်ငံတော်က ထုတ်ပြန်ထားသည့် အမိန့်များ၊ ညွှန်ကြားချက်များ၊ ဥပဒေများကို ပြည်သူများ လိုက်နာရန် ထိန်းကျောင်းပေးရသည့် အဖွဲ့ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကိုယ်တိုင်က လေးစားလိုက်နာရန် လိုကြောင်း။

## ထိန်းကျောင်းပေး

ဥပဒေအထက်မှာ မည်သူတစ်ဦးတစ်ယောက်မှ မရှိစေရဆိုသည့်အတိုင်း ပြည်သူများအပိုင်းက ဥပဒေကို လေးစားလိုက်နာအောင် ထိန်းကျောင်းပေးသွားရန် ယခုအဖွဲ့(၂)ဖွဲ့တွင် အဓိကတာဝန်ရှိကြောင်း။

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ခရိုအေးရှားသမ္မတနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဇွန် ၂၅**

၂၀၀၇ခုနှစ် ဇွန် ၂၅ရက်တွင် ကျရောက်သည့် ခရိုအေးရှားသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ခရိုအေးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ဥရောပပေါင်းစည်းရေး ဝန်ကြီး မစ်(စ်)ကိုလင်ဒါ၊ ဂရေဘာ–ကီတာရိုဗစ်(ချ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

ရဲတပ်ဖွဲ့၏ တာဝန်သည် ဥပဒေကို ဖောက်ဖျက်ကျူးလွန်သူများကို မကျူးလွန်နိုင်အောင် ထိရောက်စွာ တားဆီးသွားရန်၊ ပြည်သူများ ဘေးအန္တရာယ် မရှိအောင် အကာအကွယ်ပေးရန်နှင့် ဥပဒေဖောက်ဖျက်ကျူးလွန်သူများကို ရှာဖွေဖော်ထုတ်ဖမ်းဆီးပြီး တရားရုံးများမှာ တရားစွဲဆိုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်ကြောင်း၊ ပစ္စည်းသက်သေ၊ လူသက်သေများနှင့် အခိုင်အမာ တရားစွဲဆိုနိုင်ရမှာ ဖြစ်ကြောင်း။

မိမိတရားစွဲဆိုပြီး ရုံးတင်ပေးသည့် အမှုသည် မှန်မှန်ကန်ကန်ဖြစ်ရန်လိုကြောင်း၊ တရားသဖြင့် ဖြစ်ရန်လည်း လိုကြောင်း၊ အဂတိတရားလေးပါးကြောင့် တရားခံကို အကွက်ဆင်ပြီး ဖမ်းတာမျိုး၊ လိုရင်တစ်မျိုး မလိုရင်တစ်မျိုး၊ ပေးရင်တစ်မျိုး မပေးရင်တစ်မျိုး၊ ချစ်ရင်တစ်မျိုး မချစ်ရင်တစ်မျိုး၊ ကိုယ်နှင့် အမျိုးတော်ရင်တစ်မျိုး၊ မတော်ရင်တစ်မျိုး မလုပ်မိရန်နှင့် ရှောင်ကြဉ်ကြရန် အထူးလိုအပ်ကြောင်း။

တချို့ တရားခံများသည် မလွှဲသာ၍ ပြစ်မှု ကျူးလွန်သွားရတာမျိုးလည်းရှိကြောင်း၊ မိမိ အရှက်ကို ကာကွယ်ရင်း ကျူးလွန်မိခဲ့ခြင်း၊ မိမိအသက်၊ မိမိပစ္စည်းဥစ္စာကို ကာကွယ်ရင်းနှင့် ပြစ်မှုမြောက်သွားခြင်း ရှိတတ်ကြောင်း၊ ထို့ကြောင့် ပြစ်မှုတစ်ခုကို အတိမ်အနက် ခွဲခြမ်းစိတ်ဖြာရာတွင် ပကတိအခြေအနေမှန်ကို အတွင်းကျကျ လေ့လာသိရှိပြီးမှ ထိုက်သင့်သည့် ပုဒ်မ၊ မှန်ကန်သည့် ပုဒ်မနှင့် တရားစွဲတင်ရန် လိုအပ်ကြောင်း။

အုပ်ချုပ်ရေးအပိုင်းတွင် ပါဝင်ကြသည့် တရားသူကြီးများနှင့် ရှေ့နေများအပိုင်းတွင်လည်း ပစ္စည်းသက်သေ၊ လူသက်သေအပြင် ပြစ်မှုကျူးလွန်ရသည့်အဓိက အကြောင်းအရင်းများကိုပါ စစ်ဆေးဆန်းစစ်ပြီး ထိုက်သင့်သည့်ပြစ်ဒဏ်ကို ကျောသား ရင်သားမခွဲခြားဘဲ ချမှတ်သွားရန် အထူးအရေးကြီးကြောင်း၊ မမှန်မကန် အမိန့်ချမှတ်၍ တရားခံဘက်က အဆင့်ဆင့်အယူခံဝင်မှုများ၊ ငွေကြေးလာဘ်လာဘယူပြီး မမှန်မကန် တရားစီရင်ခဲ့သည့်အတွက် တိုင်ကြားမှုများ၊အရေးယူရမှုများ ယနေ့အထိရှိနေဆဲ ဖြစ်ကြောင်း၊ အဆိုပါ အကြောင်းအရာများသည် ကိုယ်ကျင့်တရားနှင့် သက်ဆိုင်ခြင်းကြောင့် တစ်ဦးချင်းနှင့် မိမိအဖွဲ့အစည်းအတွင်းမှာပါ ကိုယ်ကျင့်တရား မပျက်ယွင်းအောင် ပြုပြင်ထိန်းကျောင်းသွားကြရန် အထူးလိုအပ်ကြောင်း၊ အဆိုပါ အကြောင်းအချင်းအရာများကို မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်း အထွေထွေအုပ်ချုပ်ရေးမှူးများက ထိန်းကျောင်းပေးသွားရန် ဖြစ်ကြောင်း။

## လေ့ကျင့်ပေး

နိဂုံးချုပ်အနေဖြင့် ပြောကြားရလျှင် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အုပ်ချုပ်ရေးအဖွဲ့များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့များသည် အရည်အချင်းပြည့်ဝရေး၊ စွမ်းရည်ထက်မြက်ရေး၊ လုပ်ငန်းကျွမ်းကျင်မှုရှိရေးတို့အတွက် တစ်ဦးချင်း လေ့ကျင့်သွားရန် လိုအပ်သကဲ့သို့ အဖွဲ့အစည်းအလိုက်လည်း လေ့ကျင့်သွားရန် ဖြစ်ကြောင်း၊ သင်တန်းများ အဆင့်ဆင့် ပြုလုပ်ကာ လေ့ကျင့်ပေးသွားရန် လိုအပ်ကြောင်း။

## မှာကြား

စိတ်ဓာတ်ကောင်းရန်နှင့် ကိုယ်ကျင့် တရားကောင်းရန်အတွက်လည်း လေ့ကျင့်ရေးနှင့် တည်ဆောက်သွားရမှာဖြစ်ကြောင်း၊ ဝန်ထမ်းကျင့်ဝတ်၊ ရဲကျင့်ဝတ်များကို ခါးဝတ်ပုဆိုးကဲ့သို့ ခိုင်မြဲအောင် စောင့်ထိန်းလိုက်နာပြီး ပြည်သူချစ်ခင် လေးစားယုံကြည်အားထားရသည့် အုပ်ချုပ်ရေးမှူးကောင်း၊ ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# မူးယစ်အန္တရာယ် လူ့ရန်စွယ်

* သူသူငါငါ များသူငါတို့
သေချာဂန မသိကြသည့်
အာနိသင်ဆိုး မူးယစ်မျိုးနွယ်
ရွေးချယ်သုံးလျှင် နောင်တွင်ရမည့်
နောင်တစင်စစ် မူးယစ်ဒုက္ခ
မပေါ့မဆကြစေနှင့်။

* မူးယစ်အန္တရာယ် လူ့ရန်စွယ်ကို
ကိုယ်ဖြစ်ကိုယ်ခံ မှန်သည်ထင်ရာ
လုပ်ခဲ့ပါလည်း ကိုယ်သာမက
များလှသူငါ လူတကာပါ
ကြုံလာသွယ်သွယ် အန္တရာယ်ကို
ရှင်းဖယ်ကြလို့ အလှဆင်စို့။

* မူးယစ်ဆေး၏ ဘေးဒုက္ခကို
ပေါ့ဆမတွေး လေးလေးနက်နက်
သိလျက်ဖယ်ကြဉ် အောင်မြင်ကျန်းမာ
သာယာကောင်းမွန် လူချွန်လူတော်
ဖြစ်ပေါ်ထွန်းရေး လေးပေးသည်မို့
အမျိုးသားရေး နိုးကြားသွေးဖြင့်
မနှေးတိုက်ဖျက် လက်ချင်းယှက်ကာ
အောင်ပွဲဆက်ခံ ဒို့နိုင်ငံ။ ။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်–

**မိုးရန်နိုင်(ကျောက်ကြီး)**



**ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်းရပ်ကွက် လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသော သာသနာ့ဗိမာန်နှစ်ထပ်ကျောင်းဆောင်တော်ကြီး၏ အောက်ထပ်ဘုရားခန်းအတွက် အမှတ် ၂၁၈ သမိုင်းဘူတာလမ်း မရမ်းကုန်းမြို့နယ်နေ ရောအောင် သက်န်းတိုက်ပိုင်ရှင် ဦးသန်းညွှန့်၊ ဒေါ်စန်း သားသမီးမြေးမြိသားစုက ငွေကျပ်သိန်း ၂၀ ကို ပဓာနနာယက ဆရာတော်ထံ ရေစက်ချလှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးအဖွဲ့နာယက ဦးသန်းရွှေ ကျေးဇူးတင်ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။** (က–ပ)

## မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

# ပါကစ္စတန်၌ မုန်တိုင်းတိုက်ခတ်၊ လူ ၂၃၀ ကျော်သေဆုံး

ကရာချိ ဇွန် ၂၄

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ဇွန် ၂၄ရက်က မုန်တိုင်းတိုက်ခတ်ခဲ့မှုကြောင့် လူပေါင်း ၂၃၀ကျော် သေဆုံးခဲ့ရကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

### သေဆုံး

လေပြင်းမုန်တိုင်းများမှာ ဇွန်၂၃ရက်က စတင်တိုက်ခတ်ခဲ့ပြီး ထိုနေ့က တစ်နေ့တည်း၌ပင် ကရာချိမြို့တွင် ၄၅ဦး သေဆုံးခဲ့သည်။ ဇွန် ၂၄ရက်အထိ မုန်တိုင်းဆက်လက်တိုက်ခတ်မှုကြောင့် သေဆုံးသူဦးရေသည် ၂၃၀ကျော် ရှိခဲ့သည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် သစ်ပင်အမြစ်မှနေ၍ ကျွတ်ထွက်ပြိုလဲခြင်း၊ လျှပ်စစ်ဓာတ်ကြိုးများ ပြတ်တောက်ခြင်းတို့ ဖြစ်ပွားကာ ဒဏ်ရာရသူ အများအပြားရှိခဲ့သည်။

### ရေဖုံးလွှမ်း

မုန်တိုင်းတိုက်ခတ်သည့်အပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကရာချိမြို့လမ်းများပေါ်တွင် ရေများဖုံးလွှမ်းနေခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့များက လဲပြိုနေသောသစ်ပင်များ၊ လျှပ်စစ်ဓာတ်ကြိုးများကို ဖယ်ရှားရှင်းလင်းပေးလျက်ရှိသည်။




25-6 (08) 1 6/24/07, 2:05 PM

■ *ကျောဖုံးမှ*

## အရှိန်လွန်နိုင်

အဆိုပါ ဂုတ်တွင်းလမ်းသည် ယခင်က အကျယ် ၁၄ ပေမျှသာ ရှိသည့်အတွက် လမ်းက ကျဉ်းသည်။ တောင်ပေါ်မှ ဆင်းသော ယာဉ်နှင့် တက်သောယာဉ် တောင်ကမ်းပါးယံ ကွေ့တွင်တွေ့ဆုံပါက ဆင်းလာသော ယာဉ်က ခက်ခဲစွာ နောက်ပြန်ဆုတ်ပေးရသည်။ ယာဉ်နှစ်စီး ရှောင်နိုင်သည့်နေရာအထိဖြစ်သည်။ ထိုသို့ တစ်ဖက်ယာဉ်ကို ရှောင်တိမ်းပေးစဉ် အရှိန်လွန်ပြီး ချောက်ထဲကျ၍ အသက်ဆုံးရှုံးမှုမျိုး ဖြစ်ပေါ်ခဲ့ရသည်။

## ရင်တမမ

ရှေ့မှယာဉ်တစ်စီး စက်ချွတ်ယွင်းလျှင် နောက်မှယာဉ်များစွာ စောင့်ဆိုင်းနေရသဖြင့် အချိန်နှောင့်နှေးကြန့်ကြာမှုများ ရှိခဲ့သည်။ မိုးရာသီတွင် တောင်ပြိုသဖြင့် လမ်းပိတ်ဆို့မှုရှိခဲ့သည်။ ထိုလမ်းတွင် သွားလာကြသော ခရီးသည်များသည် ရင်တမမဖြင့် သွားလာခဲ့ကြရသည်။

ယခုသော် နိုင်ငံတော်က စေတနာထားလျက် စီမံမှုကြောင့် ထိုလမ်းသည် တိုးတက်မှုအစုံစုံဖြင့် အပြောင်းလဲကြီး ပြောင်းလဲသွားခဲ့သည်ကို တွေ့ရသည်။ တပ်မတော်အစိုးရသည် နိုင်ငံတစ်ဝန်း လမ်းတံတားများကို တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိသကဲ့သို့ ထိုလမ်းပိုင်းကိုလည်း ပြုပြင်ဖောက်လုပ်ပေးခဲ့သည်။



မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နောင်ချို-ကျောက်မဲကြား ဂုတ်တွင်း တောင်ပေါ်လမ်း အန္တရာယ်ကွေ့များတွင် ယာဉ်များ အန္တရာယ်ကင်းဝေးရန်အတွက် အလူမီနီယံလက်ရန်းများ တပ်ဆင်ထားသည်ကို ဤသို့ တွေ့ရသည်။

## စက်အား၊ လူအား

စာရေးသူတို့ သတင်းအဖွဲ့သည် ဂုတ်တွင်းလမ်းစီမံကိန်းတွင် တာဝန်ရှိသည့် အေးရှားဝေါလ်ကုမ္ပဏီမှ စီမံကိန်း မန်နေဂျာ ဒေါ်နန်းကြာလီနှင့် တွေ့ဆုံမေးမြန်း လေ့လာခဲ့ကြသည်။ ဂုတ်တွင်း လမ်းစီမံကိန်းကို ၁၉၉၇-၁၉၉၈ ခုနှစ်တွင် စတင်ခဲ့ကြောင်း၊ အစတွင် လူအားဖြင့်ဆောင်ရွက်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် စက်အား၊ လူအားတို့ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခင်က လမ်းအကျယ် ၁၂ ပေ၊ အချို့နေရာတွင် ၁၄ ပေသာရှိခဲ့ကြောင်း၊ ထို့ကြောင့် တောင်ကမ်းပါးယံကွေ့များကို စက်အား၊ လူအားများဖြင့် ဖြိုပြီး လမ်းချဲ့ခဲ့ကြောင်း၊ ယခု လမ်းအကျယ် ၂၂ ပေမှ ၂၄ ပေအထိရှိကြောင်း၊ ယာဉ်နှစ်စီး ကောင်းမွန်စွာ ရှောင်တိမ်းမောင်းနှင်နိုင်ပြီဖြစ်ကြောင်း၊ အချို့နေရာများတွင် တောင်မပြိုကျရန်နှင့် ကမ်းပါးယံမပြိုကျစေရန် ကွန်ကရစ် တာတမံနံရံများ ပြုလုပ်ပေးခဲ့ကြောင်း၊ တောင်ကမ်းပါးယံကွေ့များတွင် ယာဉ်များ ချောက်ထဲသို့ မကျနိုင်ရန်အတွက် (Guar Pail) အလူမီနီယံ လက်ရန်းများကိုလည်း ပိုင်ရိုက်စက်ဖြင့် တိုင်စိုက်ပြီး ဖြက်တစ်ပေကျော်ရှိ အလူမီနီယံပြားများကို တပ်ဆင်ပေးခဲ့ကြောင်း၊ အရှည်မီတာ နှစ်ထောင်ရှိကြောင်း။

## တံတားအသစ်

ထို့အပြင် ဂုတ်တွင်းရှိ ချောင်းပေါ်တွင် သံကူကွန်ကရစ် တံတားအသစ်တစ်စင်း တည်ဆောက် ပြီးစီးခဲ့ပြီးဖြစ်ကြောင်း၊ ထိုတံတားကို တာဝန်ခံ အင်ဂျင်နီယာ ဦးချစ်ထွန်းက တာဝန်ယူ တည်ဆောက်ခဲ့ကြောင်း၊ တံတား အရှည်ပေ ၂၁၀၊ အကျယ်ယာဉ်သွားလမ်း ၂၈ ပေရှိပြီး တစ်ဖက်လျှင် သုံးပေရှိ လူသွားလမ်းများ ပါရှိသဖြင့် စုစုပေါင်းလမ်းအကျယ် ၃၄ ပေရှိကြောင်း၊ တံတားအောက် ခြေမှအပေါ်ဆုံးအထိ အမြင့် ၃၄ ပေ ရှိကြောင်း၊ ရေလမ်းကင်းလွတ် အမြင့်မှာ ၂၂ ပေ ဖြစ်ကြောင်း၊ ခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း၊ ယခင်တံတားဟောင်းကို လည်း မူလအတိုင်း ထား ထားမည်ဖြစ်ကြောင်း စသည်ဖြင့် ရှင်းပြသွားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် ရှမ်းပြည်နယ်(မြောက်ပိုင်း) ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များကို စီမံဆောင်ရွက်ပေးရန် မေ ၁၄ ရက်က ခရီးစဉ်တွင် ထိုလမ်းပိုင်းသို့ ရောက်ရှိခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ခရီးသည်များ စိတ်အေးချမ်းသာ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး အတွက် ယခုထက်ပိုမိုပြီး ကောင်းမွန်သည်ထက်ကောင်းမွန်အောင် ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး လိုအပ်သည်များကို စီမံဆောင်ရွက်ပေးခဲ့သည်။

## စိတ်အေးချမ်းသာ

ထိုလမ်းသည် ယခင်က ခရီးသည်များ အသက်အန္တရာယ် ရင်ဝယ်ပိုက်လျက် ရင်တမမဖြင့် သွားလာခဲ့ကြရသည်။ ယခုသော် တပ်မတော်အစိုးရ၏ စေတနာအပြည့်အဝထား ဆောင်ရွက်ပေးမှုကြောင့် ခရီးသည်များ အန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်အေးချမ်းသာ သွားလာနိုင်ကြပေပြီ။ ။



မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ နောင်ချို-ကျောက်မဲကြား ဂုတ်တွင်းကားလမ်းကို ဤသို့ စက်ယန္တရားကြီးများဖြင့် တိုးချဲ့ပြုပြင် ဖောက်လုပ်ခဲ့သည်။

# ဓမ္မဒူတတောရရိပ်သာ ခုနစ်ရက်တရားစခန်း

**ရန်ကုန် ဇွန် ၂၄**

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတ တောရရိပ်သာ၌ နာယကဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရသည် ဇူလိုင် ၁ ရက်မှ ၇ ရက်အထိ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာ အလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ရိပ်သာဝင်လိုသော ယောဂီများသည် ဇွန် ၃၀ ရက် ညနေ အရောက်လာကြရန်နှင့် ကြိုတင်၍ စာရင်းပေးသွင်းလိုပါက ရိပ်သာ ဖုန်း-၀၉-၅၃၀၂၀၉၂၊ ၀၉-၅၁၀၄၆၆၉ ကိုကျော်နိုင်(ပဲခူး) ဖုန်း-၀၉-၅၃၀၁၅၃၇၊ ၀၅၂-၂၃၂၆၃၊ ကိုကျော်ဆန်း (ရန်ကုန်)ဖုန်း-၀၉-၅၀၁၇၂၉၄ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

● *ကျောဖုံးမှ*

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ အထိမ်းအမှတ်ဆိုင်းဘုတ်ကို တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦးက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့်ဇနီးတို့သည် တက်ရောက်လာကြသော လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပရိသတ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါအခမ်းအနားသို့ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် အဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာများ စုစုပေါင်း အင်အား ၅၅၀ တက်ရောက်ကြသည်။

## တက်ရောက်

ထို့ပြင် ယနေ့ နံနက် ၇ နာရီတွင် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသော အထိမ်းအမှတ် တစ်အုပ်တစ်မ ခြံစည်းရိုးကြက်ဆူ စိုက်ပျိုးပွဲကို ပျဉ်းမနားမြို့နယ် ပြန်ကပြေးကျေးရွာအနီး၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး ဒေါ်ဆွေဆွေဦးတို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားရာတွင် ကြက်ဆူဆီသည် နိုင်ငံတော်၏ လောင်စာဆီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် သီးနှံဖြစ်သည့်အတွက် တစ်နိုင်ငံလုံး အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အားသွန်ခွန်စိုက် စိုက်ပျိုးလျက်ရှိကြောင်း၊ မိမိတို့ တိုင်းအတွင်းတွင်လည်း လျာထားချက်ဧက ပြည့်မီကျော်လွန်အောင် စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့သည် လူမှုရေးအသင်းအဖွဲ့ဝင် ကိုယ်စားလှယ်များထံသို့ ခြံစည်းရိုးကြက်ဆူပျိုးပင်များအား ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီးတို့က ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။ ထို့နောက် တက်ရောက်လာကြသူများက ခြံစည်းရိုးကြက်ဆူပင်များအား တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့သည် လူမှုရေး အသင်းအဖွဲ့များမှ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လိုက်လံ ကြည့်ရှုအားပေးသည်။

ပျဉ်းမနားခရိုင်အတွင်းတွင် ၂၀၀၇-၂၀၀၈ ခုနှစ်၌ ခြံစည်းရိုးကြက်ဆူပင် စုစုပေါင်း ၂၀၄၀၀ ဧက စိုက်ပျိုးရန် လျာထားပြီး ဧက ၁၂၇၄၂ စိုက်ပျိုးပြီးစီး၍ ရာခိုင်နှုန်းအားဖြင့် ၆၂ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ် (၂၄) ဖြန့်ချိ

**ရန်ကုန် ဇွန် ၂၄**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊အမှတ်(၂၄)ကို မိုးရာသီ အထူးထုတ်ကဏ္ဍ သတင်းထူးများနှင့်အတူ ဆရာကိုကို (စက်မှုတက္ကသိုလ်)၏ 'အွန်စောတို့ဌာနေ (နောက်ဆုံးပိုင်း)' 'ပြန်လာပါဦးမည် အွန်စောတို့ဆီ' နှင့်အတူ ဆံပင်မိုးစို၍ ဦးခေါင်းအအေးမိပါက ပါးတစ်ခြမ်း လေဖြတ်မှု ဖြစ်ပေါ်နိုင်၊ ကျောင်းဈေးသည်များ ဆေးစစ်ပြီးမှ ရောင်းချခွင့်ပြု၊ ရန်ကုန်-ဒါကာ လမ်းမကြီး တည်ဆောက်ရေး အတည်ပြု လက်မှတ်ရေးထိုးတော့မည်၊ ပဲပြုတ်ရာမှာ အဝတ်လျှော်ဆော်ဒါသုံးနေမှုများ သတိပြု၊ အမည်ပေါက် ပိုင်ဆိုင်သည့် ယာဉ်ပိုင်ရှင်များ လွှဲပြောင်းရောင်းချပြီးပါက ကညနကို အသိပေးရန်လို၊ မိုးရာသီတွင် ဖြစ်ပွားသော ဝမ်းပျက်ဝမ်းလျှောရောဂါ အသက်အန္တရာယ်ထိ စိုးရိမ်ရ စသည့် ပြည်တွင်းရေးရာ သတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

'ယခုနှစ် ကိုပါဖလား ဘယ်သူတွေ ဗိုလ်စွဲကြဦးမှာလဲ' အားကစားဆောင်းပါးနှင့်အတူ ညှိနှိုင်းမှုမပြုလျှင် ပိတ်ဆို့မှု အသစ်များနှင့်ထပ်ကြုံရမည်ဟု အီရန်အား ဥရောပသမဂ္ဂသတိပေး၊ မလေးရှား အိမ်ပြေးအိမ်ဖော် ကွန်ဒိုမီနီယံပေါ်က မကျမီ ကယ်လိုက်ရ၊ သမီးအပျိုဟိုင်းအတွက် ကုဋေကြွယ်သူဌေးကြီး သမက်ရှာ စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် ပုံမှန်ပါနေကျ ပြည်တွင်းပြည်ပ သတင်းထူး၊ သတင်းဦးနှင့်အတူ မိုးရာသီကဏ္ဍ အထူးထုတ်စာစောင်အဖြစ် စာမျက်နှာတိုးကာ ထုတ်ဝေလိုက်ပြီး e-Empire Media Houseက မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၂၅-၆-၂၀၀၇ ရက် (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော် |
| ၇း၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇း၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၄။ | သံသာချိုအေး မင်္ဂလာတေး |
| ၇း၅၀ | ၅။ | ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ |
| ၈း၀၀ | ၆။ | အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ |
| ၈း၁၀ | ၇။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၈း၂၀ | ၈။ | မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ် |
| ၈း၃၀ | ၉။ | International News. |
| ၈း၄၅ | ၁၀။ | Grammar made Easy |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆း၀၀ | ၁။ | စစ်ချီတေး စစ်သည်တေး |
| ၁၆း၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆း၃၀ | ၃။ | အကပဒေသာ |
| ၁၆း၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စိတ်ပညာ အထူးပြု) (စိတ်ပညာ) |
| ၁၇း၀၀ | ၅။ | မြန်မာ့ရိုးရာတောဓလေ့ ကျေးလက်တေးသံများ |
| ၁၇း၁၀ | ၆။ | မြန်မာစာ မြန်မာစကား |
| ၁၇း၂၀ | ၇။ | တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း) |
| ၁၇း၃၀ | ၈။ | မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ် |
| ၁၇း၃၅ | ၉။ | **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ"** (လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှဋ္ဌေးတင့်၊ ကြည်လဲ့လဲ့ဦး၊ ဝွမ်းပုံ) |
| ၁၇း၄၅ | ၁၀။ | အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ |
| ၁၈း၀၀ | ၁၁။ | ညနေခင်းသတင်း |
| ၁၈း၂၀ | ၁၂။ | မိုးလေဝသအခြေအနေ |
| ၁၈း၂၅ | ၁၃။ | အလှရှာမယ်လှကမ္ဘာဝယ် |
| ၁၈း၅၅ | ၁၄။ | မြန်မာနိုင်ငံအမျိုးသမီး ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်ပြပွဲ |
| ၁၉း၀၅ | ၁၅။ | မူးယစ်ဒုက္ခမပေါ့ဆနှင့် |
| ၁၉း၁၅ | ၁၆။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"သန်းတစ်ရာရွှေအိပ်မက်"** (အပိုင်း-၁၀) |
| ၂၀း၀၀ | ၁၇။ | ပြည်တွင်းသတင်း |
| | ၁၈။ | နိုင်ငံတကာသတင်းများ |
| | ၁၉။ | မိုးလေဝသအခြေအနေ |
| | ၂၀။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ရေသူမလေး ဒုတိယချစ်ပုံပြင်"** (အပိုင်း-၂၁) |
| | ၂၁။ | နောက်တစ်နေ့အစီအစဉ် |
| | ၂၂။ | အစီအစဉ်ပြီး၏။ |

# ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့ တွင် ခရီးသည်တင်ယာဉ်များအား အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများက လက်နက်ငယ်များဖြင့်ပစ်ခတ် ယာဉ်ပေါ်လိုက်ပါလာသူ ခရီးသည် ၂၇ ဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာများရရှိ

နေပြည်တော် ဇွန် ၂၄

**အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် ၎င်းတို့ ဆက်လက် ရှင်သန်ရပ်တည်နိုင်ရေးအတွက် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ပျက်ပြားအောင်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများအပေါ် လက်နက်အားကိုးဖြင့် အနိုင်ကျင့်သတ်ဖြတ်လျက်ရှိသည်။**

## တရကြမ်းပစ်ခတ်

ကရင်ပြည်နယ် ကော့ကရိတ်မြို့မှ သင်္ကန်းညီနောင်ကျေးရွာသို့ ပြေးဆွဲသော ယာဉ်မောင်း ကျော်ထူးမောင်းနှင်သည့် ခရီးသည်တင် ယာဉ်အမှတ် ၅ခ/၉၁၂၃ သည် ဇွန် ၂၁ ရက် နံနက် ၈ နာရီ ၄၅ မိနစ်ခန့်တွင် အလယ်ဘိုတဲအနီးသို့ ရောက်ရှိစဉ် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများက ရှေ့ထွက်မိုင်းတစ်လုံး ဖောက်ခွဲပြီး လက်နက်ငယ်များဖြင့် တရကြမ်းပစ်ခတ်မှုကြောင့် ခရီးသည်ယာဉ်ဖြင့် လိုက်ပါလာသူများအနက်မှ သံဃာတော်တစ်ပါးအပါအဝင် အပြစ်မဲ့ပြည်သူ ၁၀ ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

## ရက်ရက်စက်စက်

အလားတူ ကယားပြည်နယ် မော်ချီးမြို့မှ လွိုင်ကော်မြို့သို့ပြေးဆွဲသော ယာဉ်မောင်း ကော့မှာ မောင်းနှင်သည့် ခရီးသည်တင်ယာဉ်အမှတ် ၃ခ/၅၀၄၅ သည် ဇွန် ၂၂ ရက် ညနေ ၆ နာရီကျော်ခန့်တွင် ဘော်လခဲမြို့နယ် ထားလဲကျေးရွာအနီးသို့ ရောက်ရှိစဉ် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများက လက်နက်ငယ်များဖြင့် ရက်ရက်စက်စက်ပစ်ခတ်မှုကြောင့် ခရီးသည် ၁၇ ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

## လိုက်လံရှင်းလင်းချေမှုန်း

ဒဏ်ရာရလူနာများအား မြဝတီမြို့နယ်ပြည်သူ့ဆေးရုံနှင့် လွိုင်ကော်မြို့နယ် ပြည်သူ့ဆေးရုံတို့သို့ ပို့ဆောင်၍ ကုသပေးလျက်ရှိပြီး တာဝန်ရှိသူများက လိုအပ်သည်များ ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နယ်မြေခံ တပ်မတော် စစ်ကြောင်းများက အကြမ်းဖက် သောင်းကျန်းသူ အဖျက်သမားများ ဆုတ်ခွာရာနောက်သို့ လိုက်လံရှင်းလင်းချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဘိန်းဖြူ ၅၅ကီလို ပေါ်တူဂီ၌ ဖမ်းမိ

လစ္စဘွန်း ဇွန် ၂၄

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ ဆန်တာအမိုလိုနာဆိပ်ကမ်း၌ ကွန်တိန်နာသင်္ဘောပေါ်မှ ယူရိုငွေ ၂ ဒသမ ၄၃ သန်းတန်ဖိုးရှိ ဘိန်းဖြူ ၅၅ ကီလိုအား ပေါ်တူဂီရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ကြောင်း ဇွန် ၂၁ရက်က ရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ပါရှိသည်။

ဖမ်းမိ

ဘိန်းဖြူများအား ပြီးခဲ့သည့် ဇွန်၁၁ ရက်ကတည်းက ဖမ်းဆီးနိုင်ခဲ့သော်လည်း တရားခံကိုမူ ဇွန် ၂၁ ရက်တွင် ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

## တူရကီ၌ ဓာတ်အားခွဲရုံပေါက်ကွဲ တစ်ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

**အစ္စတန်ဘူလ် ဇွန် ၂၄**

*တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် လျှပ်စစ်ဓာတ်အားခွဲရုံ တစ်ရုံ ပေါက်ကွဲမှု ဖြစ်ပွားရာ တစ်ဦး သေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း အနာတိုလီယာ သတင်းဌာနက ဇွန် ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။*

*အဆိုပါ ပေါက်ကွဲမှုကြောင့် ဓာတ်အားခွဲစက်ရုံ၏ အစိတ်အပိုင်းအများအပြား ပျက်စီးသွားကြောင်း၊ ပေါက်ကွဲမှု၏ အကြောင်းရင်းကို မသိရှိရသေးကြောင်း ရဲတပ်ဖွဲ့၏ ပြောကြားချက်ကို ကိုးကား၍ အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။*

*ပြီးခဲ့သည့် လကအန်ကာရာပြည်နယ်နှင့် ကာရာဒေ့ဂ်ျပြည်နယ်များတွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားပြီးနောက် တူရကီနိုင်ငံအတွင်း ဗုံးဖောက်ခွဲမှုများနှင့် ပတ်သက်သည့် သတိပေးချက်များ ထုတ်ပြန်ထားကြောင်းသိရသည်။*

***အမ်အင်န်အေ၊ဆင်ဟွာ***

## ဗီယင်နာ၌ မုန်တိုင်းတိုက်ခတ်

ဗီယင်နာ ဇွန် ၂၄

**ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင် ဇွန် ၂၁ ရက်၌ လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သစ်ပင်များ လဲကျသွားကြောင်း၊ ဆောက်လုပ်ရေးကရိန်းတစ်ခုလည်း ပျက်စီးသွားကြောင်း၊ နှစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဩစတြီးယား ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူများက ပြောကြားသည်။**

ရွှေ့ဆိုင်း

**လေပြင်းများ တိုက်ခတ်ပြီး မိုးကြိုးပစ်မှုများကြောင့် ဗီယင်နာ ရက်ဝီချက် အပြည်ပြည်ဆိုင်ရာ လေဆိပ်၏ လေယာဉ်ခရီးစဉ်များကို ဇွန် ၂၁ ရက်ညပိုင်းအထိ ရွှေ့ဆိုင်းထားခဲ့ရသည်။**

**လေပြင်းမုန်တိုင်းများ တိုက်ခတ်ချိန်တွင် ဗီယင်နာမီးသတ်ဌာနချုပ်ရှိ ကရိန်းမောင်းနှင်သူ တစ်ဦးပေါ်သို့ ခေါင်မိုးပြိုကျသဖြင့် သေဆုံးခဲ့ကြောင်း၊ သစ်ပင်များ လဲကျပိမိသောကြောင့် အသက် ၆၀အရွယ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း အေပီအေသတင်းဌာန၏ သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။** အမ်အင်န်အေ၊ရိုက်တာ



**တရုတ်နိုင်ငံ လျောင်နင်းပြည်နယ်တွင် ပြသလျက်ရှိသည့် ၂၀၀၇ ခုနှစ် အိုင်တီပြပွဲကို ဇွန် ၂၂ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## အီရတ်၌ လေကြောင်းမှတိုက်ခိုက်မှု သေနတ်သမား ၁၇ဦးသေဆုံး

**ဘဂ္ဂဒက် ဇွန် ၂၄**

အီရတ်နိုင်ငံ ဒီယာလာပြည်နယ် ဘာကူဘာမြို့ အနီးရှိ ခါလစ်မြို့ ဆင်ခြေဖုံးဒေသတစ်ခုတွင် အမေရိကန် ရဟတ်ယာဉ်များက ဇွန် ၂၂ရက် စောစောပိုင်း၌ လေကြောင်းမှ တိုက်ခိုက်ရာ အယ်လ်ခိုင်ဒါ အကြမ်းဖက်သမားဟု မသင်္ကာဖွယ် သေနတ်သမား ၁၇ ဦး သေဆုံးခဲ့ကြောင်း အမေရိကန် စစ်ဘက်က ကြေညာသည်။

**ပြောကြား**

သေဆုံးသူများမှာ ကင်းလှည့်နေသည့် အီရတ်ရဲတပ်ဖွဲ့ဝင်များ ပတ်လည်တွင် လှုပ်ရှားနေသူ သေနတ်သမားများဖြစ်သည်ဟုလည်း ရိုက်တာသို့ အမေရိကန်စစ်ဘက်က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**




## သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးပြပွဲ ပေကျင်း၌ ဖွင့်လှစ်

**ပေကျင်း ဇွန် ၂၄**

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဇွန် ၂၁ရက်က (၁၀)ကြိမ်မြောက် နိုင်ငံတကာ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးပြပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တရုတ်နိုင်ငံ ဒုတိယသမ္မတ ကျန်ပီယန်က သဝဏ်လွှာပေးပို့ရာ၌ သဘာဝပတ်ဝန်းကျင် ကာကွယ်တားဆီးရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန်အတွက် တရုတ်နိုင်ငံက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆောင်ရွက်မှုများကို ဖြန့်ဝေပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ဖော်ပြခဲ့သည်။

**ဆွေးနွေး**

(၁၀)ကြိမ်မြောက် နိုင်ငံတကာ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးပြပွဲ၌ စွမ်းအင်လုံခြုံရေး၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုလျှော့ချရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာများ ဖွံ့ဖြိုးလာရေးတို့ ဆောင်ရွက်ကြရန် နိုင်ငံပေါင်း ၂၀ ကျော်မှ ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

တရုတ်နိုင်ငံအနေဖြင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ကာကွယ်စောင့်ရှောက်ရာ၌ နှစ် ၃၀အတွင်း အောင်မြင်မှုများ ရရှိခဲ့ကြောင်း တရုတ်နိုင်ငံ သဘာဝပတ်ဝန်းကျင်ရေးရာ ကာကွယ်တားဆီးရေးအဖွဲ့ အကြီးအကဲ ကျိုးရှန်စင်းက ပြောကြားသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## ဘင်္ဂလားဒေ့ရှ်၌ ဆေးလိပ်သောက်မှု နှစ်စဉ် လူ ၅၇၀၀၀ သေဆုံးခဲ့ရ

ဒါကာ ဇွန် ၂၄

**ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆေးလိပ်သောက်ခြင်းနှင့် ဆက်နွှယ်သည့် ရောဂါများကြောင့် နှစ်စဉ် လူ ၅၇၀၀၀ ကျော် သေဆုံးခဲ့ကြောင်း ဒေးလီးစတား သတင်းစာက ဇွန် ၂၂ ရက်၌ ဖော်ပြသည်။**

ရောဂါခံစား

**၄၁ ရာခိုင်နှုန်းသော ဆေးလိပ်သောက်သူများသည် ကင်ဆာ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အဆုတ်နှင့် ပတ်သက်သော အခြားရောဂါများ ခံစားကြရသည်ဟုလည်း သတင်းစာက ကိုးကားဖော်ပြသည်။**

ဆွေးနွေး

**ဆေးလိပ်သောက်မှု ကင်းစင်သည့် ပတ်ဝန်းကျင် ဖန်တီးရေး ဆွေးနွေးပွဲတစ်ရပ်ကို ဇွန် ၂၁ ရက်တွင် ကျင်းပစဉ် ဆေးလိပ်သောက်ခြင်း၏ အပြစ်များအား တက်ရောက်သူများက ဆွေးနွေးကြသည်။**

**ဆေးလိပ်မသောက်ရေးတွင် မီဒီယာများကလည်း ပါဝင်နိုးဆော်ပေးရန် ဆွေးနွေးပွဲတက်ရောက်သူများက တိုက်တွန်းခဲ့သည်။** အမ်အင်န်အေ၊ဆင်ဟွာ



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ဘာကူဘာမြို့ တံတား၌ အစောင့်ချထားသော အီရတ်တပ်ဖွဲ့ဝင်တစ်ဦးအား ဇွန် ၂၃ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)




**စက်ရုပ်လူသား**

**ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ စက်မှုဆိုင်ရာ စမ်းသပ်ခန်း၌ စမ်းသပ်လျက်ရှိသည့် စက်ရုပ်လူသားကို ဇွန် ၂၃ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

## ယူအေအီး လေကြောင်းလိုင်း မွမ်ဘိုင်းမြို့သို့ တိုးချဲ့ပျံသန်းမည်

**အဘူဒါဘီ ဇွန် ၂၄**

အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ(ယူအေအီး)၏ လေကြောင်းလိုင်းတစ်လိုင်း ဖြစ်သော အဲအာရေဗျ လေကြောင်းလိုင်းအနေဖြင့် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့သို့ လေကြောင်းခရီးစဉ်များအား တစ်ပတ်နှစ်ကြိမ် တိုးချဲ့ပျံသန်းမည်ဖြစ်ကြောင်း အီမီရိတ် သတင်းဌာနက ဇွန် ၂၁ ရက်၌ သတင်းထုတ်ပြန်သည်။

**နေ့စဉ်ပျံသန်း**

အဲအာရေဗျ လေကြောင်းလိုင်းသည် အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကတွင် ဈေးနှုန်းသက်သာသော လေကြောင်းလိုင်းတစ်လိုင်းဖြစ်ပြီး အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့သို့ လေကြောင်းခရီးစဉ်များ နေ့စဉ်ပျံသန်းလျက်ရှိသည်။

**ထပ်မံတိုးချဲ့**

အိန္ဒိယနိုင်ငံသည် အဲအာရေဗျ လေကြောင်းလိုင်း၏ အဓိကဈေးကွက်တစ်ခုဖြစ်ကြောင်း၊ ဇွန် ၂၂ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့သို့ သောကြာနှင့် တနင်္ဂနွေနှစ်ရက်တွင် ခရီးစဉ်များအား ထပ်မံတိုးချဲ့ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်း၏ ပြောကြားချက်ကို အီမီရိတ်သတင်းဌာနက ကိုးကားဖော်ပြသည်။

အဲအာရေဗျ လေကြောင်းလိုင်းသည် အိန္ဒိယနိုင်ငံအတွင်းရှိ မြို့ကြီးခုနစ်မြို့သို့ တစ်ပတ်လျှင် လေကြောင်း ခရီးစဉ် ၄၆ ခု ပျံသန်းပြေးဆွဲလျက် ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## အိန္ဒိယနှင့်ဥရောပ လွတ်လပ်စွာ ကုန်သွယ်မှုပြု

ဘရပ်ဆဲလ် ဇွန် ၂၄

ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့အစည်း၌ စွမ်းအင်ကဏ္ဍဆိုင်ရာ လွတ်လပ်စွာ ကုန်သွယ်မှုပြုရေးကို လေးနိုင်ငံတို့ ဆွေးနွေးခဲ့ရာ အိန္ဒိယနိုင်ငံအပါအဝင် ဥရောပနိုင်ငံများက သဘောတူညီခဲ့ကြောင်း ဥရောပနိုင်ငံများက သတင်းထုတ်ပြန်ကြေညာသည်။ ယင်းသဘောတူညီမှုကို အိန္ဒိယနိုင်ငံက ထောက်ခံအတည်ပြုသည်။

**သဘောတူညီ**

လွတ်လပ်စွာ ကုန်သွယ်မှုပြုသည့် နိုင်ငံများမှာ ဥရောပနိုင်ငံများ၊ အိန္ဒိယ၊ ဘရာဇီးနှင့် အမေရိကန်နိုင်ငံတို့ဖြစ်ကြောင်း၊ ၎င်းတို့သည် ဂျာမနီနိုင်ငံ၌ ကျင်းပသည့် ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာ တွေ့ဆုံစည်းဝေးပွဲ၌ သဘောတူညီခဲ့ကြခြင်းဖြစ်သည်။**အမ်အင်န်အေ၊ရိုက်တာ**

## သမ္မတဘုရှ်အား ပြည်သူထောက်ခံမှု အနိမ့်ဆုံးသို့ စံချိန်တင်ကျဆင်း

ဝါရှင်တန် ဇွန် ၂၄

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်အား ၂၆ ရာခိုင်နှုန်း ကသာ ထောက်ခံမှုရှိ၍ ပြည်သူထောက်ခံမှု အနိမ့်ဆုံးအထိ ကျဆင်းနေကြောင်း နယူးစ်ဝိခ်က ကောက်ယူသည့် ပြည်သူ၏ ဆန္ဒသဘောထားကောက်ယူမှု စစ်တမ်း၌ ဖော်ပြသည်။

**စံချိန်တင်**

ထိုအတောအတွင်း သမ္မတဘုရှ်အား သဘောမကျသူ ဦးရေမှာ ရီပတ်ဘလီကင်ပါတီဝင် သုံးပုံတစ်ပုံနီးပါးပါဝင်ပြီး ၆၅ ရာခိုင်နှုန်းအထိ စံချိန်တင် များပြားလာကြောင်း ဇွန် ၂၁ ရက်က ထုတ်ပြန်သည့် ပြည်သူ့သဘောထားကောက်ယူမှု စစ်တမ်းအရ သိရသည်။

ဝါးတားဂိတ် အရှုပ်တော်ပုံကြောင့် ရာထူးမထွက်မီ ခုနစ်လအလို ၁၉၇၄ ခုနှစ် ဇန်နဝါရီလတွင် သမ္မတနစ်ဆင်အား ထောက်ခံသူဦးရေမှာ ၂၃ရာခိုင်နှုန်းသာရှိကြောင်း ထိုစဉ်က ပြည်သူ့သဘောထားကောက်ယူမှု စစ်တမ်း၌ ဖော်ပြထားသည်။

**ကျဆင်း**

သမ္မတဘုရှ်အား ပြည်သူ ထောက်ခံမှု ကျဆင်းရခြင်းတွင် အီရတ်စစ်ပွဲ ဆက်လက်ဆင်နွှဲနေခြင်းက အဓိက အကြောင်းရင်းဖြစ်သည်ဟု ဆိုသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**







ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ အရောင်းဆိုင်တစ်ဆိုင်တွင် ဂျေဗွီစီကုမ္ပဏီမှ အသစ် တီထွင်ထုတ်လုပ်လိုက်သော ဗီဒီယို ကင်မရာတစ်လုံးကို ဇွန် ၂၂ ရက်၌ တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

## ဇင်ဘာဘွေ ကလေးငယ်များ ကျန်းမာရေးစောင့်ရှောက်ရေး အလှူငွေများ ထည့်ဝင်ကြရန် ယူနီဆက်ဖ်က တိုက်တွန်း

ဟာရာရေး ဇွန် ၂၄

ဇင်ဘာဘွေနိုင်ငံ၌ ကျန်းမာရေး၊ ပညာရေးနှင့် ကလေးငယ်များအား ကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များအတွက် အမေရိကန်ဒေါ်လာ ခြောက်သန်းကျော်ကို ရန်ပုံငွေအဖြစ် ထည့်ဝင်ကြရန် ကုလသမဂ္ဂကလေးငယ်များရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်)က ဇွန် ၂၂ ရက်၌ တိုက်တွန်း ဆော်ဩလိုက်သည်။

**ပြုစုစောင့်ရှောက်**

ဇင်ဘာဘွေနိုင်ငံ၏ စီမံကိန်းကိုးခု၌ သုံးစွဲရန်လိုအပ်သော ငွေကြေးမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၂ သန်းဖြစ်ကြောင်း၊ ထိုငွေများမှာ အိတ်ချ်အိုင်ဗွီ ဗိုင်းရပ်စ်ပိုး ကူးစက်ခံထားရသူများအား ထောက်ပံ့ရန်နှင့် ပြုစုစောင့်ရှောက်ရန်တို့အတွက်လည်း ပါဝင်သည်။

**လက်ခံရရှိ**

သို့သော်လည်း နိုင်ငံတကာမှ အလှူရှင်များက ငွေကြေးဖြည့်ဆည်းမှုမှာ လိုအပ်နေဆဲဖြစ်ကြောင်း၊ ပြီးခဲ့သည့်လက ကျင်းပခဲ့သော အစည်းအဝေး၌ ယူနီဆက်ဖ်က ပြောကြားခဲ့သည်။

အလှူငွေများမှာ ယခင်က အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၇သန်းခန့်မှ လျော့ကျခဲ့ခြင်းဖြစ်ပြီး လောလောဆယ်၌ အမေရိကန်ဒေါ်လာ လေးသန်းခန့် လက်ခံရရှိထားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

## အင်ဒိုနီးရှား၌ လူဦးရေတိုးတက်မှု ထိန်းချုပ်မည်

ဂျကာတာ ဇွန် ၂၄

အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၀၉ခုနှစ်တွင် လူဦးရေတိုးတက်မှုမှာ ၁ ဒသမ ၁၄ ရာခိုင်နှုန်းအထိသာ တိုးမြှင့်ရန် ရည်မှန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်း ယူဒိုယိုနိုက ပြောကြားလိုက်သည်။

၂၀၀၉ခုနှစ်၌ အင်ဒိုနီးရှားနိုင်ငံ၏ လူဦးရေ သိသိသာသာ လျော့ကျသွားစေရန် တစ်နှစ်လျှင်လူဦးရေတိုးနှုန်းမှာ ၁ ဒသမ ၁၄ရာခိုင်နှုန်းအောက် လျော့နည်းအောင် ကြိုးစားကြရေး အင်ဒိုနီးရှားသမ္မတက တိုက်တွန်းလိုက်ခြင်း ဖြစ်သည်။

**လျော့ကျခဲ့**

မိသားစုစီမံကိန်းများကို လိုက်နာအကောင်အထည်ဖော်လျှင် မွေးဖွားနှုန်း လျော့ကျသွားကာ ရည်မှန်းချက်ပြည့်မီမှာ ဖြစ်ကြောင်းလည်း ၎င်းက ပြောကြားသည်။ လွန်ခဲ့သည့် လေးနှစ်ခန့်က အင်ဒိုနီးရှားနိုင်ငံ၏ လူဦးရေတိုးတက်မှုမှာ ဝ ဒသမ ၅ ရာခိုင်နှုန်းအထိ လျော့ကျခဲ့သည်။

ယခု ၂၀၀၇ ခုနှစ်၌ လူဦးရေတိုးတက်မှုမှာ တစ်ရာခိုင်နှုန်းခန့်သာ တိုးတက်နိုင်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတက ပြောကြားသည်။

**(အင်တာနက်)**



ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ တရုတ်သံရုံး၌ အိုလံပစ်ပွဲတော် အထိမ်းအမှတ်အဖြစ် ကပြဖျော်ဖြေနေသည်ကို ဇွန် ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## နိုင်ဂျီးရီးယား၌ မူးယစ်ဆေးဝါး ၄၃ တန်ဖျက်ဆီး

အဘူဂျာ ဇွန် ၂၄

နိုင်ဂျီးရီးယား အမျိုးသား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဌာနသည် မူးယစ်ဆေးဝါး၄၃တန်ကို ယခုနှစ်စကတည်းက ဖျက်ဆီးခဲ့ကြောင်း အဆိုပါဌာနက ဇွန် ၂၀ ရက်၌ ထုတ်ဖော် ပြောကြားခဲ့သည်။

နိုင်ဂျီးရီးယားနိုင်ငံတကာ လေဆိပ်တွင်လည်း ယခင်နှစ် ဇန်နဝါရီမှ စတင်ကာ မူးယစ်ဆေးဝါး မှောင်ခိုမှု ၄၂ ကြိမ် ဖမ်းဆီးမှုပြုလုပ်ခဲ့ရာ၌ မူးယစ်ဆေးဝါး ၄၆ ဒသမ ဝ၅ ကီလိုကို သိမ်းဆည်းရမိခဲ့သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အဆောက်အအုံတစ်ခုကို ဇွန် ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



## ထိုင်းနိုင်ငံတောင်ပိုင်း ဗုံးခွဲတိုက်ခိုက်

ဗန်ကောက် ဇွန် ၂၄

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်တွင် ဇွန် ၂၂ရက် နံနက်ပိုင်းက အဝေးထိန်းကိရိယာဖြင့် ဗုံးခွဲတိုက်ခိုက်မှုကြောင့် အစိုးရတပ်ဖွဲ့ဝင်နှစ်ဦးနှင့် ဒေသခံခြောက်ဦး ဒဏ်ရာရရှိသွားသည်။

**ပေါက်ကွဲ**

ထိုနေ့က မြို့လယ်ရှိ စက်ဆီ အရောင်းဆိုင်တစ်ဆိုင်ရှေ့တွင် နှစ်ကီလိုဂရမ်ရှိသော ဗုံးတစ်လုံးကို ဖောက်ခွဲခြင်းဖြစ်သည်ဟု ထိုင်းသတင်းဌာနက ကြေညာသည်။

ဒဏ်ရာရသည့် တပ်ဖွဲ့ဝင်များနှင့်အရပ်သားများကို ဆေးရုံသို့အမြန်တင်ပို့လိုက်ရပြီး ဆေးဝါးကုသမှုခံယူလျက်ရှိသည်။

ထိုင်းနိုင်ငံတောင်ပိုင်း နယ်စပ်ပြည်နယ်များဖြစ်သည့် ပတ္တနီ၊ ယာလာနှင့် နာရာသီဝပ် ပြည်နယ်များတွင် နေ့စဉ် ပစ်ခတ်မှု၊ ဗုံးခွဲမှုများ ကြုံတွေ့ရသည်။ ၂၀၀၄ ခုနှစ် ဇန်နဝါရီလအတွင်း အကြမ်းဖက်မှုများ စတင်ကတည်းက လူပေါင်း ၂၃၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီးဖြစ်သည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

## တတိယမြောက် နျူကလီးယားဓာတ်ပေါင်းဖိုပါကစ္စတန်တည်ဆောက်မည်ဟု သုတေသနအဖွဲ့ပြောကြား

ဝါရှင်တန် ဇွန် ၂၄

**ပါကစ္စတန်နိုင်ငံအနေဖြင့် တတိယမြောက် နျူကလီးယားဓာတ်ပေါင်းဖိုကို တည်ဆောက်မည်ဖြစ်ကြောင်း သုတေသနအုပ်စုတစ်စုက ဇွန် ၂၁ ရက်၌ ပြောကြားသည်။**

ပါကစ္စတန်နိုင်ငံသည် နျူကလီးယားနှင့် ပတ်သက်ပြီး အရည်အသွေးတိုးတက်မြင့်မားရန် လိုအပ်လျက်ရှိရာ နျူကလီးယားနှင့် လက်နက်များ ထုတ်လုပ်နိုင်ရေးအတွက် ဓာတ်ပေါင်းဖိုအသစ်တစ်လုံး ထပ်မံတည်ဆောက်ရန် ကြိုးစားနေကြောင်း သုတေသနပညာရှင် ပေါလ်ဘရာနန်က ပြောကြားသည်။

**ပြင်ဆင်**

အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံအကြား နျူကလီးယား လက်နက်များနှင့် ဖျက်အားပြင်း နျူကလီးယားလက်နက်များ ပြိုင်ဆိုင်မှုလည်း ရှိနေရာ ပါကစ္စတန်က ယခုကဲ့သို့ တတိယမြောက် နျူကလီးယားဓာတ်ပေါင်းဖိုကို တည်ဆောက်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။

**တည်ဆောက်ခဲ့**

ပါကစ္စတန်နိုင်ငံသည် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၀၂ ခုနှစ်အကြား၌ ဒုတိယမြောက် နျူကလီးယားဓာတ်ပေါင်းဖိုကို တည်ဆောက်ခဲ့သည်။

**စတင်**

ယခု တတိယမြောက် နျူကလီးယား ဓာတ်ပေါင်းဖိုကို ယခုဇွန်၃ ရက်မှ စတင်ကာ တည်ဆောက်မှုများ ပြုလုပ်ရန် ပြင်ဆင်လျက်ရှိသည်။

**အမ်အင်န်အေ၊ရိုက်တာ**

# အရှေ့တောင်အာရှပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးရည်မှန်း မြန်မာ့လက်ဝှေ့အားကစားသမားများ စခန်းဝင်လေ့ကျင့်

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း – ကိုကိုစိုးညွန့်**

**ရန်ကုန် ဇွန် ၂၄**

ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သော (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်နှင့် ကပ်လွဲပြီး ငွေတံဆိပ်လေးခု၊ ကြေးတံဆိပ်နှစ်ခုဖြင့်သာ ကျေနပ်ခဲ့ရသည့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်သည် လာမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အမြင့်ဆုံးအောင်မြင်မှု ရရှိရေးအတွက် စခန်းဝင် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

## ရွေးချယ်လေ့ကျင့်

ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၂၄)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ယှဉ်ပြိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်သည် ပဏာမလက်ရွေးစင် အမျိုးသား၁၃ဦးနှင့် အမျိုးသမီး ခြောက်ဦးတို့အား ရွေးချယ်လေ့ကျင့်ပေးလျက် ရှိသည်။

မြန်မာ့လက်ဝှေ့သည် တစ်ခေတ်တစ်ခါက အရှေ့တောင်အာရှ အဆင့်သာမက အာရှအဆင့်၊ ကမ္ဘာ့အဆင့်အထိပါ ထိုးဖောက်နိုင်ခဲ့သောအားကစားနည်းတစ်ခုဖြစ်သည်။ သို့သော် မျက်မှောက်ခေတ်ကာလတွင်မူ မြန်မာ့လက်ဝှေ့အားကစားမှာ နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေတံဆိပ်နှင့် ကင်းကွာနေသဖြင့် ယခင်ကကဲ့သို့ ပြည်ပပြိုင်ပွဲများတွင် အောင်မြင်မှု ဆုတံဆိပ်များ စဉ်ဆက်မပြတ် ဆွတ်ခူးနိုင်ရေးအတွက် အထူးကြိုးစား ဆောင်ရွက်လျက်ရှိပေသည်။ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်သည် အားကစားဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူ၍ မြန်မာ့လက်ဝှေ့ အားကစား အဆင့်အတန်း မြင့်မားလာစေရန်၊ ပြည်ပပြိုင်ပွဲများတွင် အောင်မြင်မှု ရရှိလာစေရန်၊ လူငယ်မျိုးဆက်သစ်လက်ဝှေ့သမားများ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့် အပါအဝင် အမှုဆောင်များက ဝိုင်းဝန်းကြိုးပမ်းလျက်ရှိကြသည်။

## အားကစားနည်း

အရှေ့တောင်အာရှ ဒေသတွင်း၏ အဆင့်မြင့်ဆုံး အားကစားပြိုင်ပွဲဖြစ်သည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ (၂၄)ကြိမ်မြောက် ပြိုင်ပွဲကို ထိုင်းနိုင်ငံတွင် ဒီဇင်ဘာ ၆ရက်မှ ၁၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အားကစားနည်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်ရန် လျာထားကြောင်းသိရသည်။ လာမည့် ထိုင်းဆီးဂိမ်းအား ယှဉ်ပြိုင်မည့် အားကစားနည်းအလိုက် ကြိုတင်ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိရာ လက်ဝှေ့အားကစားနည်းလည်း အပါအဝင်ဖြစ်သည်။

## စတင်လေ့ကျင့်

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်သည် ထိုင်းနိုင်ငံ၌ကျင်းပမည့် အရှေ့တောင်အာရှပြိုင်ပွဲအတွက်ရည်ရွယ်၍ ၂၀၀၆ ခုနှစ် မတ်၁ရက်မှစ၍ ပဏာမလက်ဝှေ့လက်ရွေးစင် ၁၉ ဦးအားစတင်လေ့ကျင့်ပေးခဲ့သည်။ ယင်းပဏာမကစားသမားများထဲတွင် ဖိလစ်ပိုင်ဆီးဂိမ်း၌ ယှဉ်ပြိုင်ခဲ့သည့် အားကစားသမား ငါးဦးပြန်လည်ပါဝင်လာပြီး အဆိုပါငါးဦးတွင် ဖိလစ်ပိုင်ဆီးဂိမ်း၌ ငွေတံဆိပ်ရရှိခဲ့သည့် ကျော်စွာအောင်၊ ဇော်မျိုးမင်းနှင့် ကြူကြူသင်းတို့ ပါဝင်လာသည်။ မြန်မာ့လက်ဝှေ့အဖွဲ့သည် ဆီးဂိမ်းအကြိုပြင်ဆင်မှုအနေဖြင့် ၂၀၀၆ခုနှစ် ဩဂုတ်လတွင် ထိုင်းနိုင်ငံသို့ သွားရောက်ကာ တစ်လကြာ Joint Training သွားရောက် ပြုလုပ်ခဲ့သည်။ အဆိုပါ Joint Training သွားရောက်ပြုလုပ်ခဲ့သည့် မြန်မာ့လက်ဝှေ့အဖွဲ့တွင် အုပ်ချုပ်သူဦးစန်းမြင့်၊ အားကစားသမား အောင်သူရ၊ ရန်နောင်စိုး၊ ဇော်မျိုးမင်း၊ ကောင်းမြတ်စံနှင့် သန်းထိုက်တို့ ပါဝင်ခဲ့ကြသည်။

## ပါဝင်ခဲ့ကြ

ထို့ပြင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုလက်ရည်စမ်းသည့်အနေဖြင့် ၂၀၀၇ခုနှစ် ဧပြီ၄ရက်မှ ၁၁ရက်အထိကျင်းပခဲ့သော ထိုင်းဘုရင့်ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲဝင်ခဲ့သော မြန်မာ့လက်ဝှေ့အဖွဲ့တွင် အုပ်ချုပ်သူဦးစန်းမြင့်၊ နည်းပြဦးစိုးစိုးနှင့် အားကစားသမားများအဖြစ် ဇော်မျိုးမင်း၊ ရန်နောင်စိုး၊ ကျော်စွာအောင်နှင့် စိုးရာဇာတို့ ပါဝင်ခဲ့ကြသည်။

## စခန်းဝင်လေ့ကျင့်

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် နိုင်ငံတကာလက်ဝှေ့ပြိုင်ပွဲများအတွက် စခန်းဝင်လေ့ကျင့်နေသော ပဏာမမြန်မာအမျိုးသားလက်ဝှေ့အဖွဲ့တွင် အုပ်ချုပ်သူအဖြစ် ဦးစန်းမြင့်၊ နည်းပြဆရာများအဖြစ် ဦးအောင်မြင့်၊ ဦးတင်မောင်ဖေ၊ ဦးစိုးစိုး၊ ဦးမြင့်ထွန်း၊ အားကစားသမားများအဖြစ် ကျော်စွာအောင်၊ ဇော်မျိုးမင်း၊ ရန်နောင်စိုး၊ စိုးရာဇာ၊ သန်းထိုက်၊ ပိုးဇာ၊ ဝေဖြိုးထွန်း၊ မိုးမင်း၊ စိုင်းစိုးမြတ်၊ ထွန်းထွန်းအေး၊ ဇော်မိုး၊ မြတ်သိန်းထွန်းနှင့် ညီညီအောင်တို့ ပါဝင်ကြသည်။ ၅၄ ကီလိုတန်းအတွက် သုံးဦး၊ ၄၈၊ ၅၁၊ ၆၀နှင့် ၆၇ကီလိုတန်းအတွက် နှစ်ဦးစီ၊ ၄၅နှင့် ၅၇ကီလိုတန်းအတွက် တစ်ဦးစီးလေ့ကျင့်နေကြခြင်းဖြစ်သည်။ ပဏာမ အမျိုးသမီးလက်ဝှေ့အဖွဲ့တွင် အုပ်ချုပ်သူ နည်းပြအဖြစ် ဒေါ်မြတ်သက်မွန်၊ နည်းပြအဖြစ် ဦးစံလှလေး၊ အားကစားသမားများအဖြစ် ကြူကြူသင်း၊ သန်းသန်းလှိုင်၊ ချောဆုအေး၊ နှင်းမို့မို့နိုင်၊ နှင်းအိဆွေနှင့် သက်ထားစံတို့ ပါဝင်ကြပြီး (၄၆၊ ၄၈၊ ၅၀၊ ၅၂၊ ၅၇)ကီလိုတန်းအတွက် လေ့ကျင့်နေခြင်းဖြစ်သည်။

မြန်မာ့လက်ဝှေ့အဖွဲ့သည် နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန်ဖြင့် လေ့ကျင့်သားပြည့်ဝရန် လေ့ကျင့်ပြင်ဆင်နေပြီး (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် အဓိကရည်မှန်းချက်ထား လေ့ကျင့်ကြကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

**ပြင်းပြင်း ထန်ထန် လေ့ကျင့်**



**မြန်မာ့လက်ဝှေ့ လက်ရွေးစင် ကျော်စွာအောင်၏ပြင်းပြင်း ထန်ထန် လေ့ကျင့်ဟန်။**



**(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပဏာမ လက်ဝှေ့အားကစားမယ်များ လေ့ကျင့်နေကြစဉ်။**

# ၂၀၀၇ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၂၄**

မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇ ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲကို ဇူလိုင်၁ရက်နံနက် ၈နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း အထူးတန်းအောက်ထပ်ရှိ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ကရာတေးဒို လေ့ကျင့်ရေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် Cadetအတန်းပြိုင်ပွဲနှင့် Juniorအတန်းပြိုင်ပွဲဟူ၍ အတန်းနှစ်တန်းခွဲ၍ ကျင်းပမည်ဖြစ်ပြီး Cadet အတန်းပြိုင်ပွဲတွင် အသက်(၁၅)နှစ်ပြည့်ပြီး (၁၇)နှစ်ထက်မကြီးသူများနှင့် Juniorအတန်းပြိုင်ပွဲတွင် အသက်(၁၇)နှစ်ပြည့်ပြီး (၂၀)နှစ်ထက်မကြီးသူများ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

Cadet အတန်းပြိုင်ပွဲတွင် အမျိုးသမီး၊ အမျိုးသားတစ်ဦးချင်း ခတပြိုင်ပွဲများ၊ ၄၅ ကီလိုနှင့်အောက်၊ ၅၁ ကီလိုနှင့်အောက်၊ ၅၇ကီလိုနှင့်အောက်၊ ၅၇ကီလိုအထက် အမျိုးသမီး ကုမိတဲပြိုင်ပွဲများ၊ ကီလို၅၀နှင့်အောက်၊ ၅၅ ကီလိုနှင့်အောက်၊ ကီလို၆၀နှင့်အောက်၊ ၆၅ကီလိုနှင့်အောက်၊ ကီလို၇၀နှင့်အောက်၊ ၇၅ကီလိုနှင့်အောက်၊ ၇၅ကီလိုအထက် အမျိုးသားကုမိတဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

## စာရင်းသွင်းရမည်

Junior အတန်းပြိုင်ပွဲတွင် အမျိုးသမီး၊ အမျိုးသားတစ်ဦးချင်း ခတပြိုင်ပွဲများ၊ ၄၆ကီနှင့်အောက်၊ ၅၃ ကီလိုနှင့်အောက်၊ ကီလို၆၀နှင့်အောက်၊ ကီလို၆၀အထက် အမျိုးသမီးကုမိတဲပြိုင်ပွဲများ၊ ၅၅ကီလိုနှင့်အောက်၊ ကီလို၆၀နှင့်အောက်၊ ၆၅ကီလိုနှင့်အောက်၊ ကီလို၇၀နှင့်အောက်၊ ၇၅ ကီလိုနှင့်အောက်၊ ၇၅ကီလိုအထက် အမျိုးသားကုမိတဲပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် ကရာတေးဒို အားကစားမောင်မယ်များသည် ဇွန်၂၇ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် (အောင်ဆန်းအားကစားပြိုင်ဝင်း)သို့ စာရင်းသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့အလင်း စာတည်းထံပေးစာများ

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။**

## ကဏန်းအပုပ်နံ့ကြောင့် ကျန်းမာရေးထိခိုက်ရ

**စာတည်းခင်ဗျား–**

အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ၁၀မိုင် မာဃလုလင်လမ်းရှိ နေအိမ်တစ်အိမ်မှ ကဏန်းများ၏ အပုပ်နံ့များကြောင့် ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များမှာ ကျန်းမာရေးထိခိုက်ရပါသဖြင့် သက်ဆိုင်ရာမှ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အပုပ်နံ့မခံနိုင်သူ**

## သတိမှတ်နှုန်းထား တောင်းခံစေချင်

**စာတည်းခင်ဗျား–**

ရန်ကုန် ပြည်လမ်း ကျွန်းကလေးတံတားနှင့် သာယာဝတီ၊ တိုက်ကြီး၊ မှော်ဘီလမ်းဖြတ်သန်းဂိတ်များသည် လမ်းဖြတ်သန်းခကြေးများကို သတ်မှတ်ထားသော နှုန်းထားများထက် ပိုမိုတောင်းခံနေပါသဖြင့် စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **ယာဉ်မောင်းတစ်ဦး**

## ကားဘော်ဒီ ထုရိုက်သံကြောင့် အနှောင့်အယှက်ဖြစ်ရ

**စာတည်းခင်ဗျား–**

သဃ်န်းကျွန်းမြို့နယ် ၈/မြောက်ရပ်ကွက် ဘောဂဈေးထိပ်ရှိ ခြံတစ်ခြံအတွင်းမှ ကားဘော်ဒီရုံ၏ နေ့ညမပြတ် ထုရိုက်သံများကြောင့် အနီးပတ်ဝန်းကျင်နေထိုင်သူများ အနှောင့်အယှက်ဖြစ်ရပါ၍ ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**၈/မြောက်ရပ်ကွက်သား**

## လမ်းပေါ်မှ နွားချေး၊ ကြက်ချေးများ ရှင်းလင်းပေးပါ

**စာတည်းခင်ဗျား–**

မန္တလေးတိုင်း အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာနှင့် အရှားတောလေးရွာဘေး စွယ်တော်မြတ် စေတီတော်တောင်ဘက် မဟာရုံတံတိုင်းအနီး လမ်းပေါ်၌ နွားချေး၊ ကြက်ချေးများ စုပုံထားပါသည်။ လမ်းသွားလာမှုခက်ခဲသည့်အပြင် အနံ့ဆိုးများကြောင့် ကျန်းမာရေးထိခိုက်နေပါသဖြင့် ဖယ်ရှားရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**အနံ့မခံနိုင်သူတစ်ဦး**

## လူနေအိမ်နှင့်ဝေးရာ အမှိုက်ပုံရွှေ့ပေးပါ

**စာတည်းရှင့်–**

မရမ်းကုန်းမြို့နယ် မြို့ပြအိမ်ရာစီမံကိန်း ၈မိုင်လမ်းဆုံ တိုက်၁ အခန်း၁ မြောက်ဘက်တိုက်ဘေးတွင် အမှိုက်ပုံတစ်ပုံ ရှိပါသည်။ အဆိုပါ အမှိုက်ပုံကို လူနေအိမ်နှင့်ဝေးရာသို့ ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။

**ကျန်းမာရေးထိခိုက်သူ**

## မုန့်ဟင်းခါးဖို အပုပ်နံ့ ဆောင်ရွက်ပြီးစီး

၂၁-၅-၂၀၀၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **သာယာဝတီခရိုင် နတ်တလင်းမြို့ လယ်ပြင်လမ်းရှိ မုန့်ဟင်းခါးဖို အပုပ်နံ့ကြောင့် ကျန်းမာရေး ထိခိုက်နေ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## ကဏန်းဒိုင်မှ အပုပ်နံ့ ရှင်းလင်းပြီး

၇-၅-၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက် ရွှေလမ်းတွင် ကဏန်းဒိုင်မှ အပုပ်နံ့မခံနိုင်** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## တရားမဝင် လောင်စာဆီအရောင်းဆိုင် ရှင်းလင်းပြီး

၂၁-၅-၂၀၀၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **မွန်ပြည်နယ် ကျိုက်ထိုမြို့ တောင်သူစုရပ်ကွက် ဗိုလ်ချုပ်လမ်း (ယခင် ဇဋိလရပ်ရှင်ရုံအနီး) တရားမဝင်လောင်စာဆီအရောင်းဆိုင်ဖယ်ရှားပေးပါ** ပေးစာနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

# ကမ္ဘာတစ်လွှား အားကစား

ကိုးကားတင်ပြသူ
မောင်မောင်မြင့်ဆွေ

## ဘာစီလိုနာသို့ ပြောင်းရွှေ့ကစားမည့် အွန်နရီ

**လန်ဒန် ဇွန် ၂၄**

ပရီမီယာလိဂ်၌ နှစ်ရာသီဆက်တိုက် ရလဒ်မကောင်းခဲ့သော အာဆင်နယ်အသင်းအနေဖြင့် တိုက်စစ်မှူး အွန်နရီကို စာချုပ်သစ် ချုပ်ဆိုနိုင်ခဲ့သော်လည်း ယခုအခါ အွန်နရီသည် အာဆင်နယ်မှ ဘာစီလိုနာသို့ ပြောင်းရွှေ့ကစားတော့မည်ဆိုသော သတင်းများ ထွက်ပေါ်လာသည်။

**ပေါ်ပေါက်လာ**

စပိန်ကလပ် ဘာစီလိုနာက အွန်နရီအား ပြောင်းရွှေ့ကြေး ယူရို ၂၄သန်း(အမေရိကန်ဒေါ်လာ ၃၂ဒသမ၂၉သန်း)ဖြင့် ခေါ်ယူပြီး လက်မှတ်ရေးထိုးတော့မည်ဖြစ်သည်။ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးအနေဖြင့် စာချုပ်သက်တမ်းကုန်အထိသာ အာဆင်နယ်၌ နေထိုင်တော့မည်ဖြစ်ရာ အွန်နရီကလည်း အာစင်ဝင်းဂါးအသင်းမှ ထွက်ခွာရန် အရိပ်သန်းနေချိန်တွင် ယခုကဲ့သို့ အသင်းပြောင်းရွှေ့မှုကိစ္စ ပေါ်ပေါက်လာခြင်းဖြစ်သည်။

အွန်နရီသည် လွန်ခဲ့သည့်၁၅နှစ်ခန့်က မိုနာကိုအသင်း၌ ကစားခဲ့စဉ်ကပင် ထိုအချိန်က မိုနာကိုနည်းပြ တာဝန်ယူနေသော အာစင်ဝင်းဂါးနှင့် လက်တွဲခဲ့ဖူးသော ကစားသမားတစ်ဦးလည်း ဖြစ်သည်။

အွန်နရီက မိမိ၏ဘဝတွင် အာဆင်နယ်၌ ကစားခဲ့ရသည့်အချိန်ကာလများကို ဘယ်တော့မှ မေ့ပျောက်မည်မဟုတ်ကြောင်း သည်ဆန်းသတင်းစာသို့ ပြောကြားခဲ့သည်။

**ကစားပေးခဲ့**

အွန်နရီသည် အာဆင်နယ်အသင်း၏ အမှတ်သင်္ကေတတစ်ခုအဖြစ် ပရိသတ်စိတ်ထဲ စွဲထင်နေအောင် ကြိုးစားကစားပေးခဲ့သည့် တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်သည်။ အာဆင်နယ်အသင်းအတွက် အွန်နရီအနေဖြင့် ပရီမီယာလိဂ်ဘောလုံးရာသီ ရှစ်ရာသီ ကစားပေးခဲ့သည်။

**စဉ်းစားခဲ့ရ**

ထိုပရီမီယာလိဂ်ရှစ်ရာသီ၌ အာဆင်နယ်အတွက် ၃၆၄ပွဲ ကစားပေးခဲ့ပြီး ဂိုးပေါင်း ၂၂၆ ဂိုး သွင်းယူနိုင်ခဲ့သည်။ အာဆင်နယ်၌ အာစင်ဝင်းဂါးကဲ့သို့သော နည်းပြမျိုး အနာဂတ်တွင် ဆက်လက်ရှိနေမှု မသေချာသလို မိမိလေးစားရသော အာဆင်နယ် အသင်းဒုတိယဥက္ကဋ္ဌ ဒေးဗစ်ဒိန်းတို့မရှိတော့သည့်အတွက် မိမိ၏ အနာဂတ်ကို စဉ်းစားခဲ့ရကြောင်း အွန်နရီက ပြောကြားခဲ့သည်။

**ခြိမ်းခြောက်နိုင်ခဲ့**

အွန်နရီသည် အာစင်ဝင်းဂါး လက်အောက်၌ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူး တစ်ဦးအဖြစ် ရောက်ရှိလာအောင် ခြေစွမ်းထက်မြက်ခဲ့သူဖြစ်သည်။ ထို့အပြင် ပရီမီယာလိဂ်ပြိုင်ဘက် ချယ်လ်ဆီး၊ မန်ယူနှင့်လီဗာပူးအသင်းတို့အား ခြိမ်းခြောက်နိုင်ခဲ့သော တိုက်စစ်မှူးလည်းဖြစ်ခဲ့သည်။

အွန်နရီသွင်းယူခဲ့သော ဂိုးများကိုကြည့်လျှင် ၂၀၀၁-၂၀၀၂၌ အာဆင်နယ်အတွက် စုစုပေါင်း ၃၂ဂိုး၊ ၂၀၀၂-၂၀၀၃ဘောလုံးရာသီတွင် ၃၂ဂိုး၊ ၂၀၀၃-၂၀၀၄ခုနှစ်၌ ၃၉ဂိုး၊ ၂၀၀၄-၂၀၀၅ခုနှစ်၌ ဂိုး၃၀၊ ၂၀၀၅-၂၀၀၆ခုနှစ်တွင် ၃၃ဂိုးနှင့် ၂၀၀၆-၂၀၀၇ ဘောလုံးရာသီ၌ ၁၂ဂိုး သွင်းယူနိုင်ခဲ့သည်။

အာဆင်နယ်အသင်းကို ဦးဆောင်ဦးရွက်ပြုကာ သက်တမ်းရှည်ကစားခဲ့သော အွန်နရီသည် အာဆင်နယ်အသင်းအတွက် အကြီးမားဆုံး စွမ်းဆောင်မှုများပေးခဲ့သူဖြစ်သည်။

**မစွမ်းနိုင်တော့**

သို့သော်လည်း ပြီးခဲ့သည့် ဘောလုံးရာသီ၌ ဒဏ်ရာအနာတရ ဖြစ်ခဲ့မှုကြောင့် ပရီမီယာလိဂ် ၁၆ပွဲသာ ပါဝင်ကစားခဲ့ရသည်။ ထို့အတူ ပြင်သစ်အသင်းနှင့် ကမ္ဘာ့ဖလားဘောလုံးပွဲ၌ ခုနစ်ပွဲ ကစားပေးခဲ့ပြီး သုံးဂိုးသွင်းယူနိုင်ခဲ့သည်။

မိမိသည် အာဆင်နယ်နှင့်အတူ ဆက်လက် လက်တွဲလိုကြောင်း၊ အောင်မြင်မှုများစွာနှင့် ဂိုးပေါင်းများစွာ သွင်းယူပေးချင်သော ဆန္ဒရှိကြောင်း၊ သို့သော်လည်း မိမိအနေဖြင့် ဘာမျှမတတ်နိုင်ကြောင်း၊ အပြောင်းအလဲတစ်ခုအဖြစ် အာဆင်နယ်မှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အွန်နရီက ပြောကြားသည်။

**သဘောတူညီမှုရရှိ**

ပရီမီယာလိဂ်၌ အာဆင်နယ်နှင့်အတူ ဖလားများစွာရယူပေးခဲ့သည့် အပြင် တစ်နှစ်တာအကောင်းဆုံး ဘောလုံးသမားဆုများလည်း အွန်နရီ ရယူနိုင်ခဲ့သည်။



**ဘာစီလိုနာသို့ ပြောင်းရွှေ့ကစားမည့် အာဆင်နယ်တိုက်စစ်မှူး အွန်နရီ။**
(ဓာတ်ပုံ-အင်တာနက်)

ထို့အပြင် အာဆင်နယ်၏ ဂိုးအများဆုံး သွင်းယူခဲ့သူ အီရမ်ရိုက်၏ စံချိန်ကို ချိုးဖျက်နိုင်ခဲ့သည်။ အာဆင်နယ်အတွက် အစွမ်းကုန်ကြိုးစားပေးခဲ့ပြီး အသင်းခေါင်းဆောင်အဖြစ် တာဝန်ကျေပွန်စွာ ကစားပေးခဲ့သော တိုက်စစ်မှူး အွန်နရီသည် ဘာစီလိုနာသို့ ပြောင်းရွှေ့ကစားရန် သဘောတူညီမှုရရှိခဲ့ပြီ ဖြစ်သည်။

အာဆင်နယ်မှ ထွက်ခွာတော့မည့် အွန်နရီအတွက် အာဆင်နယ် ပရိသတ်များ ဝမ်းနည်းနေကြသလို အာဆင်နယ်အသင်း၏ စည်းလုံးညီညွတ်မှု စိတ်ဓာတ်ကို အတိုင်းအတာတစ်ခုအထိ ရိုက်ခတ်သွားမည် ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

**(ကိုးကား-အင်တာနက်)**

## နယူးကာဆယ်က မိုက်ကယ်အိုဝင်အား ဆက်လက်ဆွဲဆောင်ထား

**လန်ဒန် ဇွန် ၂၄**

နယူးကာဆယ်တိုက်စစ်မှူး မိုက်ကယ်အိုဝင်အား မန်စီးတီးအသင်းက ခေါ်ယူရန်ကြိုးစားမှုကို ဟန့်တားသွားမည်ဖြစ်ကြောင်း နယူးကာဆယ်ကလပ်က ပြောကြားသည်။

**ဆွဲဆောင်**

မန်စီးတီးအသင်းက မိုက်ကယ်အိုဝင်အား ပေါင်ကိုးသန်းဖြင့်ကမ်းလှမ်းထားရာ မိုက်ကယ်အိုဝင်က အသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသည်။ သို့သော် တိုက်စစ်မှူးမိုက်ကယ်အိုဝင် အသင်း၌ ဆက်လက်ရှိနေရေးကို နယူးကာဆယ်က ဆွဲဆောင်သိမ်းသွင်းလျက်ရှိသည်။

**ဆေးကုသမှုခံယူ**

နယူးကာဆယ်သို့ ရောက်ရှိနေသည်မှာ နှစ်နှစ်တာ ကာလရှိနေပြီဖြစ်သော်လည်း မိုက်ကယ်အိုဝင်အနေဖြင့် ၁၄ ပွဲသာ ကစားပေးထားနိုင်သည်။ မိုက်ကယ်အိုဝင်သည် ဒူးခေါင်းခွဲစိတ်ကုသမှု ခံထားရသဖြင့် အချိန်ကြာမြင့်စွာ ဆေးကုသမှု ခံယူနေရသည်။ သို့သော်လည်း နယူးကာဆယ်နည်းပြ ဆမ်အလာဒိုက်က မိုက်ကယ်အိုဝင် အသင်း၌ ဆက်လက်နေထိုင်ရေး စည်းရုံးသိမ်းသွင်းလျက်ရှိသည်။

နယူးကာဆယ်အသင်းသည် တိုက်စစ်မှူး အသစ်နှစ်ဦးဖြစ်သည့် ဗီဒူကာနှင့် အသက် ၂၂နှစ်အရွယ်ရှိ နိုင်ဂျီးရီးယား တိုက်စစ်မှူး မာတင်တို့အား ခေါ်ယူထားသည်။ **(အင်တာနက်)**



**မိုက်ကယ်အိုဝင်။**
(ဓာတ်ပုံ-အင်တာနက်)

ရေးသားသူ
မောင်ချစ်ကြည်

## အင်တာနက် အားကစားသတင်း အတိုအထွာ

* **ရှော့လ်ကေးအသင်းတွင်ကစားနေသော ဘရာဇီးဘောလုံးသမား လင်ကိုးသည် ဂါလာတာစာရေးအသင်းသို့ လေးနှစ်စာချုပ်ချုပ်ဆို ပြောင်းရွှေ့ကစားမည် ဖြစ်သည်။**

* ဂျပန်ဘောလုံးအသင်းနည်းပြ အိုဗီကာအိုဆမ်က နိုင်ငံလက်ရွေးစင်အသင်းမှ အနားယူခဲ့သော နာကာတာအား ဂျပန်ဘောလုံးအသင်း၌ ပြန်လည်ကစားရန် မိမိအနေဖြင့် တံခါးဖွင့်ထားကြောင်း ပြောကြားလိုက်သည်။

* **ရီးရဲမက်ဒရစ်နည်းပြ ကာပယ်လိုအား လာမည့်ဘောလုံးရာသီ၌ နည်းပြအဖြစ် ဆက်လက်တာဝန်ပေးမည်ဖြစ်ကြောင်း ရီးရဲမက်ဒရစ် ကလပ်ဥက္ကဋ္ဌ ရာမွန်ကယ်ဒါရွန်က ပြောကြားသည်။** (အင်တာနက်)

## အသက် ၂၁နှစ်အောက် ဥရောပ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ နယ်သာလန်က ဆားဘီးယားကို အနိုင်ရ ဗိုလ်စွဲ

လန်ဒန် ဇွန် ၂၄

**အသက် ၂၁ နှစ်အောက် ဥရောပချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲကို ဇွန် ၂၃ ရက်က နယ်သာလန်နိုင်ငံ၌ အိမ်ရှင် နယ်သာလန်အသင်းနှင့် ဆားဘီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်သာလန်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**

အိမ်ရှင်နယ်သာလန်အသင်းသည် ၄-၄-၂ ပုံစံဖြင့် ခင်းကျင်းပြီး တိုက်စစ်ဖွင့်ကစားခဲ့ရာ ဆားဘီးယားအသင်းကို အကြိမ်ပေါင်းများစွာ ထိုးဖောက်ကစားနိုင်ခဲ့သည်။

**တုံ့ပြန်**

နယ်သာလန် အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၁၇ မိနစ်၌ နယ်သာလန်ကွင်းလယ်ကစားသမား အော့တ်မင်ဘာကယ်က သွင်းယူခဲ့သည်။ ပထမပိုင်းပွဲချိန်၌ နယ်သာလန်တို့ တစ်ဂိုးသာသွင်းယူနိုင်ခဲ့ပြီး ဆားဘီးယားတို့ကလည်း မာမာတင်းတင်း တုံ့ပြန်ကစားခဲ့သည်။

**သွင်းယူ**

ဒုတိယပိုင်း ပွဲချိန်မိနစ် ၆၀၌ နယ်သာလန်တိုက်စစ်မှူး ယန်ဘာဘယ်က သွင်းယူခဲ့ပြီး တတိယဂိုးကို ၆၇ မိနစ်တွင် တိုက်စစ်မှူးမာစီရိုရိုက်တာက သွင်းယူပေးခဲ့သည်။

ဆားဘီးယားအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန် ၇၉ မိနစ်၌ ဒရာဂမ်မက်ဂျာက သွင်းယူခဲ့သည်။

**အနိုင်ရဗိုလ်စွဲ**

နယ်သာလန်အတွက် စတုတ္ထဂိုးကို ကွင်းလယ်ကစားသမား လူဂျီဗရန်စ်က သွင်းယူပေးခဲ့သဖြင့် နယ်သာလန်တို့ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



**အောင်ပွဲခံ**

**အိမ်ရှင် နယ်သာလန် အသင်းနှင့် ဆားဘီးယား အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နယ်သာလန် အသင်းက လေးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိပြီး အောင်ပွဲခံနေသည်ကို တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

## လမ်းပတ်အပေါ် ဝေဖန်မှုရပ်တန့်ရန် မက်ကလာရင်တောင်းဆို

လန်ဒန် ဇွန် ၂၄

**အင်္ဂလန်အသင်း ကွင်းလယ်ကစားသမား ဖရန့်လမ်းပတ်အပေါ် အင်္ဂလန်ပရိသတ်များ ဝေဖန်ပြစ်တင်မှုနှင့်ပတ်သက်ပြီး ရပ်တန့်ကြရန် အင်္ဂလန်နည်းပြ မက်ကလာရင်က ပြောကြားလိုက်သည်။ ဝင်ဘလေကွင်း၌ အင်္ဂလန်နှင့် ဘရာဇီးတို့ ကစားခဲ့သည့် ချစ်ကြည်ရေးပွဲမှစတင်ကာ ဖရန့်လမ်းပတ်အပေါ် ပရိသတ်များက လှောင်ပြောင်ခဲ့ကြသည်။**

**တိုက်တွန်းပြောကြား**

**ဖရန့်လမ်းပတ်သည် ကစားသမားကောင်းတစ်ဦးဖြစ်ကြောင်း၊ အဆိုပါပွဲ၌ ၎င်းအား လှောင်ပြောင်သရော်ခံရမှုနှင့် ပတ်သက်ပြီး ယခုအချိန်ထိ တစ်စုံတစ်ရာ ပြောကြားခြင်း မရှိကြောင်း၊ ထို့ကြောင့် လမ်းပတ်အပေါ် ဝေဖန်ပြစ်တင်မှုများ ရပ်တန့်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း မက်ကလာရင့်က ပြောကြားသည်။**

**ဖရန့်လမ်းပတ်သည် ထိုနေ့ပွဲ၌ ပါဝင်ကစားခြင်းမရှိဘဲ ကစားဖော်များနှင့်အတူ ၎င်းပွဲအား ကြည့်ရှုနေခဲ့သည်။** (အင်တာနက်)






**စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး**

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ဆွေဆွေဦး မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသော အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

# မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို၊ အထိမ်းအမှတ်ဆိုင်းဘုတ်စိုက်ထူ တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေး

**နေပြည်တော် ဇွန် ၂၄**

၂၀၀၇ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသော အထိမ်းအမှတ် ဆိုင်းဘုတ်စိုက်ထူပွဲအခမ်းအနားကို ဇွန် ၂၃ ရက် နံနက် ၈နာရီတွင် ပျဉ်းမနားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးအနီး၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး ဒေါ်ဆွေဆွေဦးတို့ တက်ရောက်သည်။

စာမျက်နှာ ၉ ကော်လံ ၂ ●



ဆောက်လုပ်ပြီးစီးသွားသော ဂုတ်တွင်းကားလမ်းတံတားအသစ်ကို တံတားဟောင်းနှင့်ယှဉ်လျက် ဤသို့တွေ့ရသည်။

# ယခင်က ခရီးသည်များ စိုးရိမ်ကြီးစွာ သွားလာခဲ့ရသည့် ဂုတ်တွင်းလမ်း တောင်ကမ်းပါးယံကွေ့များချဲ့ကာ ယာဉ်နှစ်စီးရှောင်နိုင်ရန် ပြုပြင်ထား နိုင်ငံတော်၏စေတနာထားမှုကြောင့် စိတ်အေးချမ်းသာစွာသွားလာနိုင်

**သတင်းမှတ်စု – စိုင်းမောင်မောင်၊ ဓာတ်ပုံမှတ်တမ်း – စိုင်းသာလှိုင်(လိမ္မော်မြေ)**

**ရန်ကုန် ဇွန် ၂၄**

ဂုတ်တွင်းလမ်းသည် မန္တလေး–မူဆယ်ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး နောင်ချိုမြို့နှင့် ကျောက်မဲမြို့အကြား၌ရှိသည်။ နောင်ချိုမြို့မှအထွက် ငါးမိုင်ခန့်တွင် ဂုတ်ထိပ်တောင်သို့ရောက်သည်။ ၎င်းမှတစ်ဆင့် ကွေ့ကာပတ်ကာ တောင်ကမ်းပါးယံလမ်းကိုပတ်ပြီး ဖောက်ထားသည့်လမ်းအတိုင်း ဆင်းသွားရသည်။ တစ်ဖက်တွင် အလွန်နက်ရှိုင်းသည့် ချောက်ကြီးများရှိသည်။ ရှစ်မိုင်ခန့်ဝေးသည့် တောင်အောက်ချောင်းအထိ ဆင်းရသည်။ ချောင်းပေါ်တွင် ဘေလီတံတားရှိသည်။ တံတားပေါ်မှ ယာဉ်များတစ်စီးချင်း ဖြည်းညင်းစွာ ဖြတ်သန်းကြရသည်။ ချောင်းတစ်ဖက်ရောက်လျှင် ကျောက်မဲဘက်ခြမ်းရှိ မြင့်မားလှသော တောင်ထိပ်သို့ တောင်ကမ်းပါးယံလမ်းအတိုင်း ယာဉ်များအရှိန်ဖြင့် မောင်းတက်ရသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

# NLD သည် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်မှုမရှိ၊ ပါတီ၏လုပ်ဆောင်မှုများ နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာ ပျက်စီးကြောင်းကိုသာ ရှေးရှုနေ ဆက်လက်ရပ်တည်လိုခြင်း မရှိသဖြင့် အိမ်မဲမြို့နယ်မှ ပါတီဝင် ၂၂ ဦး နုတ်ထွက်

**ရန်ကုန် ဇွန် ၂၄**

ဧရာဝတီတိုင်း အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးဆန်းလွင်၊ ဦးမြဝင်း၊ ဦးမောင်ကျော်၊ ဦးသိန်းလွင်၊ ဒေါ်ခင်မမ၊ ဦးတင်ရွှေ၊ ဦးကျင်ကွေ့၊ ဦးဆင်ပေါက်၊ ဦးစံတုနှင့် ဦးကံရှိန်တို့အပါအဝင် ပါတီဝင် ၂၂ ဦးတို့သည် ဇွန် ၁၆ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ ၎င်းတို့၏ ဆန္ဒအလျောက်နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

**နုတ်ထွက်ပါကြောင်း**

အိမ်မဲမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLDပါတီသည် အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်မှုမရှိကြောင်း၊ NLDပါတီ၏ လုပ်ဆောင်မှုများသည် နိုင်ငံနှင့်လူမျိုးအကျိုးပျက်စီးရာ ပျက်စီးကြောင်းကိုသာ ရှေးရှုနေကြောင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်များ၏ အတွေ့အကြုံ၊ အရည်အချင်း နည်းပါးမှုကြောင့် NLDပါတီသည် ကျဆုံးခန်းသို့ ရောက်ရှိနေပြီဖြစ်သဖြင့် ပါတီဝင်တစ်ဦးအဖြစ် ဆက်လက်ရပ်တည်လိုတော့ခြင်းမရှိတော့သောကြောင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**